www.burmeseclassic.com

ဦးမိုးစာပေ

# ပန်းသီခိုင်

# ချစ်ကုဋေကုဋာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | | ၅၀၀၇၂၁၀၆၀၇ ၅၀၁၁၀၅၁၈၀၇ နိုဝင်ဘာ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | |
| ပုံနှိပ်ခြင်း | - | ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |
| အဖုံးဒီဇိုင်း | - | ဘိုဘိုထွန်း |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်။ |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (မိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |





www.burmeseclassic.com

www.burmeseclassic.com

စွဲလမ်းမှု …

လေးနက်မှု…

ရှုံးသွပ်မှု…

ရုတ်တရက် ထွက်ပေါ်လာသော ရင်ထဲကဆန္ဒ…

နှလုံးသားရဲ့ အမိန့်ကို မလွန်ဆန်နိုင်စွာဘဲ ဖုန်းဆက်လိုက်မိသည်။

"ဟဲလို…အမိန့်ရှိပါခင်ဗျာ၊ ကုဋေအောင်ကုမ္ပဏီကပါ"

"ကိုကုဋေနဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့"

တစ်ဖက်က တိတ်ဆိတ်သွားပေမယ့် ရင်ထဲမှာတော့ အားငယ်စိတ်တွေ တဖွားဖွား။ ရင်ခုန်မြန်စွာ စောင့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို…ဘယ်သူလို့ပြောပေးရမလဲ ခင်ဗျာ"

ခုမှပြန်မေးဖို့ သတိရသည်။

"ကုဋ္ဌာဗိုပါ"

"ဗျာ"

"ဗိုလို့ပြောပေးပါ"

"ခဏကိုင်ထားဦး…သွားခေါ်ရမှာ"

"ဟုတ်ကဲ့"

သိပ်မကြာလိုက်ဘဲ "ကျွန်တော် ကုရွှေအောင်ပါ"ဆိုသော သူ့အသံကို စကြားရသည်။ သူမရင်ထဲ ဝုန်းဒိုင်းကြဲသွားရင်းလည်းချောင်းတစ်လျှောက် ခြောက်သွေ့သွားသလို ထင်မိသည်။

"ကျွန်မ ကုဋ္ဌာဗိုပါ"

"ဟုတ်ကဲ့"

"ဒီကုမ္ပဏီမှာ အတွင်းရေးမှူး (စက္ကထရီ) တစ်နေရာလစ်လပ်နေတယ်ကြားလို့ ဖုန်းဆက်တာပါ၊ အဲဒါလိုချင်လို့"

"လိုနေတာကတော့ ဟုတ်ပါတယ်၊ ခဏမရှိတာပါ၊ ခွင့်နဲ့





သွားနေတာ ပြန်လာမှာပါ၊ ဒါကြောင့် အသစ်မခန့်ပါဘူး"

ကြားလိုက်ရသော စကားကြောင့် သူမ ပင့်သက်ရှိုက်မိသည်။ သည်စကားကြားရမည်ဆိုတာ သိပြီးသားပါ။ သူ့စက္ကထရီမလေး ခွင့်ယူထားတာလည်း ဗိုက သိပြီးသားပင်။

"ဟိုလေ…လောလောဆယ် ခဏဖြစ်ဖြစ် လုပ်ချင်ပါတယ်"ဟု အရဲစွန့်ကာ ပြောကြည့်၏။

"ခဏဆိုတော့ မင်းအတွက် အဆင်ပြေမှာမဟုတ်ဘူး"

"အဲဒါတော့ အဲဒါပေါ့၊ ဒါပေမယ့် လောလောဆယ်အလုပ်ရသွားရင် အများကြီး အဆင်ပြေနိုင်ပါတယ်"

ကုရွှေအောင်က ခပ်ကြာကြာ တိတ်ဆိတ်သွားပြီးနောက်မှ

"ကောင်းပြီလေ…အခု လာခဲ့ပါ၊ ကျွန်တော်စောင့်နေမယ်၊ အဆင်ပြေမယ်ဆိုလည်း ခဏလုပ်ကြည့်ပေါ့"

"ဟုတ်ကဲ့ ချက်ချင်းလာခဲ့ပါ့မယ်"

"ဟုတ်ကဲ့"

ဗို မျက်နှာလေး ပြုံးလာရသည်။ အဝတ်ဗီရိုကိုဖွင့်



www.burmeseclassic.com

www.burmeseclassic.com

ကာ မှိန်ရှောရှောကို ရှေးဝတ်မိသည်။ သိပ်တောက်ပနေလို့ မဖြစ်ပါ။ ဗို ဘာတွေလုပ်နေမိသလဲ။

သက်ပြင်းတစ်ရှိုက်နှင့်အတူ ထွက်လာခဲ့သည်။

လမ်းထိပ်ရောက်တော့ တက်စီတစ်စီးကို လှမ်းတားပြီး စီးလာခဲ့၏။ ကားပေါ်မှာ ဗို တစ်ဦးတည်း စိတ်လှုပ်ရှားနေမိသည်။ အဲသည်အလုပ် ရကိုရမှဖြစ်မည်။ သူ့အနားမှာ နေရမှဖြစ်မည်။ ရင်ထဲက ပြင်းပြင်းပြပြ ဖြစ်နေမိသည်။

ကုမ္ပဏီရှိရာ လမ်းကလေးထဲ ချိုးကွေ့လာတော့ ရင်ထဲမှာ တဒိန်းဒိန်း။ လမ်းကလည်းရှည်၊ လူသွားလူလာကလည်း မရှိသလောက် ကားတွေက အရှိန်ပြင်းပြင်းနှင့် ခြံဝင်းကျယ်ကြီးတွေကလည်း သီးသီးသန့်သန့်။

"သိပ်မကြာပါဘူး၊ ခဏစောင့်ပေးလို့ရမလား"

ဟု အပြန်ခရီးအတွက် စီစဉ်ရသည်။ ကားသမား ဦးလေးကြီးက...

"အေး...အေး ရပါတယ်"ဟု ဆိုမှ စိတ်အေးသွားသည်။





ဗိုရယ် နင်ဘာတွေလုပ်နေတာလဲ။

ကိုယ့်ကိုယ်ကိုပင် နားမလည်ချင်တော့ပါ။

မရဲတရဲ ခြေလှမ်းစရင်း နောက်ဆုတ် အရှုံးပေးချင်နေသော စိတ်တွေကို တိုက်ဖျက်ပစ်ရသည်။

ဒီသည်လို အခွင့်အရေးရတုန်း တွေဝေနေခဲ့ရင် သူကိုယ်တိုင်က လိုလိုလားလားခေါ်တုန်း နှောင့်နှေးကြန့်ကြာနေလျှင် မပြတ်သားလျှင်...

ဗို နှုတ်ခမ်းလေး ကိုက်လိုက်သည်။

ဗို့ဘဝက အစစအရာရာ ပြည့်စုံပြီးသား။ လိုလေသေးမရှိ။ ဖြေသိမ့်တွေးမိသည်။ ကိုယ့်ကိုယ်ကို အားပေးသည်။

ကုမ္ပဏီခြံရှေ့ရောက်တော့ ဘဲလ်လေးတီးလိုက်၏။

ခြံထဲက လူတစ်ယောက် ကမန်းကတန်း ပြေးထွက်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကုဋေအောင်နဲ့ပါရှင်"

"ဩော်...ဟုတ်ကဲ့"

ရုံးအကူစာရေးကစ်ဦးက ရှေ့မှဦးဆောင်ခေါ်သွားပေးတော့ နောက်ကပါလာရသည်။ ကြည့်ရတာ တပည့်လား၊ စာရေးလားမသိ။ တွေ့ရပါပြီ၊ ဟော...သူ့မျက်နှာချောသန့်သန့်။

မှတ်သိပ်တမ်းတလိုက်ရတာ ကိုကုဋေအောင်ရယ်။

သူက မို့ကို တစ်ချက်လှမ်းကြည့်သည်။

တကယ် သူစိမ်းပြင်ပြင်။

အေးစက်သောအကြည့်၊ မရင်းနှီးသောမျက်လုံးများ။

ဟုတ်သားပဲ...မိုနှင့်သူ ဘယ်တုန်းကများ သိလို့လဲ။

သူ့ကို မို ဘာလို့ သည်လောက်တွေ့ချင်နေမိသလဲ။

"ကုဋ္ဌာမိုပါ"

"နာမည်ရင်းပဲလား"ဟု သူကမေးလာ၏။

"ဟုတ်ပါတယ်"

သက်ာမကင်းများ ဖြစ်နေသလားမသိ။ နာမည်ချင်းက





အတွဲညီနေသည်။

"စောစောကပြောခဲ့သလိုပဲ အလုပ်က ခဏလေးပဲရှာ"

"ဟုတ်ကဲ့ သိပါတယ်"

"မဆိုးပါဘူး၊ မင်း ကွန်ပျူတာရရဲ့လား"ဟု စေ့စေ့ကြည့်ကာ မေး၏။

"ဟင့်အင်း...ဒါပေမယ့် အားလုံး အစွမ်းကုန်ကြိုးစားမှာပါ"

သူက နှုတ်ခမ်းစေ့ထားရင်း တစ်ချက်ပြုံးလိုက်သည်။

မို့ကတိစကားကို ကျေနပ်သွားပုံရသည်။

သူကျေနပ်အောင် နှုတ်ဖျားကလေးနှင့် ပြောရုံသက်သက်မဟုတ်။

မိုက ဆုံးဖြတ်ထားပြီးသားပါ။

တကယ်ပါ၊ ရှင့်စိတ်တိုင်းကျ မို့ဘဝတစ်ခုလုံးကို ကြည်ကြည်ဖြူဖြူပေးဖို့ လေးနက်ချင်သူပါ။ ပေါ့ဆဆ ရောက်လာခဲ့တာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဗို ရှင့်ကို ချစ်မိသွားတယ်။

ဝူနွေးသော နှလုံးသားခံစားမှုကြောင့် သည်ကိုရောက်လာရတာဝါ။

"ခဏအလုပ်ခန့်ဖို့အတွက် ဘာမှသိပ်ထွေထွေထူးထူး ရွေးနေစရာလည်း မရှိပါဘူး၊ ဒါပေမယ့် မင်းလျှောက်လွှာပုံစံတော့ ထုံးစံအတိုင်း တင်ရမယ်"

"ဟုတ်ကဲ့ပါရှင်"

ဗို ဝမ်းသာသွားသည်။

"ဒါဆို ကျွန်မကို အလုပ်ခန့်လိုက်ပြီပေါ့နော်"

သူက ခပ်ဖြည်းဖြည်း ခေါင်းညိတ်သည်။

"ဟိုမှာတွေ့လား...အဲဒါ မင်းအတွက်အခန်းပဲ"

သူက လိုက်ကာအပြာရောင်လေး လွင့်နေသောအခန်းကို ပြပြီးပြောသည်။ အပြာရောင်ဆိုတာ အချစ်ရဲ့သင်္ကေတအရောင်။ လှစ်ခနဲပြုံးမိသည်။

ဗို ကံကောင်းမယ်ထင်ပါရဲ့၊ ဗို ဆတ်ခနဲ ခေါင်းညိတ်မိ





သည်။

"ဘေးဖက်ထောင့်က အခန်းကျယ်မှာ ကျွန်တော်ထိုင်တယ်"

"ဟုတ်ကဲ့ပါ"

ဗို လှပစွာပြုံးသည်။ သူနှင့် နီးနီးစပ်စပ်နေရမှာ သူ့စားပွဲကို မြင်နေရမှာတွေးပြီး ရင်ထဲမှာ တအားကျေနပ်သွားရသည်။

ဗို လိုချင်တာ အဲဒီအခွင့်အရေးလေးပါ။

ချစ်သူရှိနေသော သူစိမ်းယောကျ်ားတစ်ယောက်ဆီက သည့်ထက်ပိုပြီးရော ဘာလိုချင်လို့ရမှာလဲ။

ကုဋ္ဌာဗိုက ပင့်သက်မှျင်းမှျင်းကလေး ရှိုက်မိ၏။

ဘယ်လိုမှ အေးစက်မပြတ်သားနိုင်လို့သာ သူ့ရှေ့ကို အလုပ်တစ်ခုပေးဖို့ လာတောင်းမိတာ။

မျက်လွှာလေးစင်းကျ ရှင်း ဗို ဇဝေဇဝါ တွေးလာမိသည်။

အခုတောင် နောက်မဆုတ်နိုင်သေးတာ ပိုပိုပြီး ရင်ခုန်နွေးထွေးမှု တွေ့ရှိလာခဲ့လျှင် နောက်ဆို ဘယ်လိုအင်အားမျိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘောခိုင်းနှုတ်ဆက်နိုင်မလဲ။ ဗို လုပ်နိုင်ပါ့မလား။

ဗို မှားသွားပြီလား။ နောင်တနည်းနည်း ရမိသလိုပါ။

သူ့အနားမှာ နေခွင့်ရပြီဆိုမှပဲ နောင်တက ရချင်နေတာ။

ဒါလေးရဖို့ ဗို ဘယ်လောက် စိတ်မောပင်ပန်းနေခဲ့ရသလဲ။

မျှော်လင့်နေခဲ့ရသလဲ လွယ်လွယ်ကလေး ရခဲ့တာမဟုတ်။

"လာလေ…ကိုယ်ပြပေးမယ်"

သူ့အသံကြောင့် အတွေးစတွေ ပြတ်တောက်ကုန်၏။

ပိတ်ထားသော အခန်းတံခါးရှေ့ လျှောက်သွားပြီး သူ့လက်ထဲရှိနေသော သော့တစ်ချောင်းနှင့် တံခါးဖွင့်လိုက်သည်။

ဗို စားပွဲက သူ့အခန်းပေါက်ဝနှင့် တန်းတန်းမတ်မတ်ပဲ ရှိနေသည်။

သူ့ကို ဘယ်လိုခေါ်ရမလဲမသိပါ။

"ကျွန်တော့်ကို တခြားဝန်ထမ်းတွေ ခေါ်သလိုလို ကိုကုမ္မေပဲ ခေါ်ပါ"

"ဟုတ်ကဲ့…အပြန်ဖယ်ရီရောရှိလားဟင်"





"မရှိပါဘူး"ဟု သူကဖြေ၏။

"ဒီမှာက ဝန်ထမ်းလည်းနည်းတယ်"

"ဪ"

"ကိုယ်လည်း ကားနဲ့လာတယ်၊ မန်နေဂျာမှာလည်း ကားရှိတယ်၊ ကြုံသလို အချင်းချင်းပို့လိုက်တာပဲ၊ ဖယ်ရီတော့မရှိဘူး၊ ဘာလဲ လာဖို့အခက်အခဲရှိလို့လား"

ကုမ္မေအောင်က သူမကို မသိမသာ အကဲခတ်ကာ မေးမိ၏။ သူမပုံစံလေးက မပွင့်တပွင့်။ အခက်အခဲရှိလည်း မြုံနေမည့်ပုံကလေး။

"ဟုတ်လား"

ဗို ဘယ်လိုဖြေရမှန်းမသိ။ အဆင်မပြေဘူးဆိုရင် သူက ဝင်ခေါ်ပေးမှာလား။

"အဆင်မပြေရင် မန်နေဂျာသန့်ဇော်ကို ဝင်ခေါ်ခိုင်းပေးရမလား"

"ဟင့်အင်း…ရပါတယ်"ဟု ကမန်းကတန်း ငြင်းမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ချော်လင့်ချက်က အရောမထင် ရှက်စနိုးပြုံးမိပါသည်။

“ညဘက်အပြန် ကိုယ်နဲ့လိုက်ပါ၊ ရပါတယ်”

ဗို သိပ်ရှင်ပျသွားစေမည့်စကားကို သူ့ဆီက ကြားလိုက်ရသည်။

“ဟုတ်ကဲ့...ဗိုအပြန် အဆင်ပြေရင် ရပါပြီ၊ ကျေးဇူးတင်ပါတယ်”

“ကုမ္ပဏီက လခကြိုထုတ်လို့ရတယ်၊ လိုချင်ရင် တစ်လစာပေးတယ်”

“ဟုတ်ကဲ့”

“ဘာတွေလုပ်ရမလဲဆိုတာတော့ တဖြည်းဖြည်းသိလာလိမ့်မယ်၊ စက္ကူထရီဆိုတာက ကိုယ်ဘယ်သွားသွားပါရမှာ၊ အနားမှာရှိနေရမှာ၊ လိုအပ်တာရှိရင် ကိုယ်ကခိုင်းမှာပဲ”

“ဟုတ်ကဲ့ပါ၊ ဗို့ကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး”





“အိုကေ၊ ကိုယ်က စိတ်တိုတတ်တယ်၊ ဒေါသလည်းကြီးတယ်”

“ရှင်”

“တစ်ခါတလေ အော်မိဆူမိရင် သိပ်မခံစားနဲ့၊ စိတ်ထဲမထားပါနဲ့၊ ကျွန်တော်က ပြောပြီးပြီးရော၊ ဘာမှစိတ်ထဲမရှိဘူး”

သူ့ကိုကြောက်လန့်သွားသလို ကြည့်မှတော့ ကရုဏာအောင်ရယ်ချင်သည်။ သူက လူဆိုးလူတည်ကြီးလား။

“အခုတော့ မင်းက လိမ္မာယဉ်ကျေးပြီး စိတ်ရှည်သည်းခံတတ်မယ့်ပုံပဲ၊ ဟုတ်တယ်မဟုတ်လား”

သူ့စကားကြောင့် ဗို ပြုံးသွားမိသည်။ သူနှင့် ရင်းနှီးသွားသလိုပင်။

“မနက်ဖြန်မနက် ဝန်ထမ်းတွေနဲ့ မိတ်ဆက်ပေးမယ်”

အကျီအပြာစင်းလေးနဲ့ ရိုးသားပြီး ခန့်ညားလွန်းသောသူ့ကို ဗို သတိလက်လွတ်ပဲ ငေးနေမိသည်။ ရဲစိုနေသော နှုတ်ခမ်းနှင့် စူးရှသော မျက်လုံးတစ်စုံက ဗိုကို မှော်လိုဖမ်းစားသွားခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ပါ။

"မင်းက အရည်အချင်းတော့မသိဘူး၊ အလှအပတော့ ရှိတယ်"

သူက အေးအေးလူလူဆို၏။

ဗို မသိမသာ မျက်လွှာချရင်း ကျေနပ်သွား၏။ ဗို လှတာကိုတော့ သူ အသိအမှတ်ပြုတယ်မဟုတ်လား။

"အေးချမ်းတဲ့အလှဆိုတာ မြင်ရသူကို စိတ်ချမ်းသာမှု ပေးနိုင်တယ်"

"ဟုတ်ကဲ့၊ ဗို့ကို ပြန်ခွင့်ပြုပါဦး၊ မနက်ဖြန်မနက်စောစောမှ လာခဲ့မယ်"ဟု တက်စီခေါင်ခိုင်းထားတာ သတိရပြီး နှုတ်ဆက်လိုက်၏။

"ကောင်းပါပြီ"

ဗို မတ်တတ်ရပ်လိုက်ရင်း သူ့ကို အပြုံးကလေးနှင့် နှုတ်ဆက်လိုက်သည်။ ပြန်လှည့်ကြည့်ချင်ပေမယ့် မကြည့်ရဲပါ။

သူ ဗို့ကိုကြည့်နေမလား။ ဟန်မပျက် လျှောက်လာလိုက်





သည်။ ချစ်သူအနားမှာ ချစ်သူမျက်နှာကို အရိပ်ကြည့်နေခွင့်ရတော့မှာ ဘယ်လောက် ကြည့်မွေ့ဖွယ်ကောင်းလိုက်သလဲ။ သူငယ်ချင်း နှစ်ယောက်ကို ကြွားရဦးမည်။

ရွှေစင်သိရင် အံ့သြနေတော့မှာ။

ရွှေစင်ရေ…

ကုဋာဗိုလေ…

နှလုံးသားရဲ့ စေရာအတိုင်း ဗို နာခံခဲ့တာပါ။ ပထမဦးဆုံး ရင်ခုန်သံကို လျစ်လျူမရှုရက်ပါဘူး။

ဗို…ကုဋေအနားမှာ နေချင်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကကားကိုပဲ လိုက်ပို့နိုင်းပြီး ကုမ္ပဏီနှင့် မလှမ်းမကမ်း ရောက်မှ ဆင်းလျှောက်လာသော ဗို့အဖြစ်က ရယ်ရမလား၊ ငိုရ မလားမသိ။

အားလုံးလိုလို ဗို့ထက် အရင်စောရောက်နေကြသည်။

ကိုယ့်အခန်းကိုယ် လျှောက်လာကာ စားပွဲမှာထိုင်နေလိုက် ပေမယ့် တစ်မျိုးကြီးဖြစ်နေ၏။ ဘာလိုနေမှန်းမသိပါ။

နေရာသစ်၊ ဝန်းကျင်သစ်၊ လူအားလုံးအသစ်။ ဘယ်လို ကြီးစိမ်းနေမှန်းကိုမသိပါ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ဘယ်သူ နှင့် စကားသွားပြောရရင် ကောင်းမလဲ ဒွိဟစိတ်နှင့် ရှိနေတုန်းမှာ ပဲ ကုမ္ပဏီအောင်က လတ်ဆတ်သော အပြုံးတစ်ခုနှင့် လျှောက်လာ ၏။



www.burmeseclassic.com

www.burmeseclassic.com

"ရောက်ပြီလား၊ စောသားပဲ"

"ဟုတ်ကဲ့"

သူမျက်နှာကို မြင်ရခိုက်မှာ အရာရာမေ့လျော့ကာ ဘာ တစ်ခုမှ သူစိမ်းမဆန်တော့သလိုပင်။ နွေးထွေးလုံခြုံသွား၏။

"လာလေ…ကိုယ်မိတ်ဆက်ပေးမယ်"

သူ့ကိုမော့ကြည့်ပြီး–ဖျတ်ခနဲ ထလိုက်လာ၏။

သပ်ရပ်စွာ ဖြီးထားသော ဆံပင်စတိုင်လ်က သူ့ကို ခန့်ညား စေပါသည်။

မနက်စောစော ရေမိုးချိုးပြီး၊ စ သူ့မျက်နှာ ကြည်ကြည်လင် လင်သည် မို့နှလုံးသားကို ကျေနပ်သွားစေ၏။

သူက အကုန်လုံးနှင့် မိတ်ဆက်ပေးသည်။ မန်နေဂျာရော၊ အတိုင်ပင်ခံရှေ့နေရော၊ စာရေးမလေးတွေရော တောက်တိုမယ်ရ ကောင်လေးတွေရော အားလုံး အားလုံးပါပဲ။

"သူက စက္ကထရီအသစ် ကုမ္မာမို"

သူတို့အားလုံးကလည်း မို့ကို လိုလိုလားလား ရှိကြသည်။





"ဘရိုတ်ဖတ်(စ်)ကို ကျွန်တော်စီစဉ်ထားတယ်"

"ဟေး…ကောင်းလိုက်တာ"

"ဘော့(စ်)ရာ စောစောကမပြောဘူး"

ကောင်လေးတွေက ခုမှ ဝမ်းသာသွားကြ၏။

"ဝန်ထမ်းအသစ်ရောက်လာတော့ အားလုံးရင်းနှီးသွား အောင် တမင်ကျွေးတာပါ၊ ကဲ…သွားကြမယ်"

မို အရမ်းပျော်သည်။ သူ့ဘေးမှာထိုင်ပြီး သူ့မျက်နှာကို တစ်ချိန်လုံး မက်မောစွာငေးနေမိ၏။ သည့်အခွင့်အရေးကို တကယ် ရရှိခဲ့သည်။ အိပ်မက်ဆိုရင်လည်း မနိုးချင်တော့ပါ။ သည့်အိပ်မက် ကို တစ်သက်လုံး ဆက်မက်ချင်သည်။ ချက်ချင်းကြီး သူ့ဘေးနား ရောက်သွားသော မို့အဖြစ်ကို အံ့ဩမဆုံး၊ ဝမ်းသာမဆုံး။

မို့အသိစိတ်ထဲမှာတော့ ဘယ်သူမှမရှိသလို ခံစားနေရသည်။ အနားမှာ နောက်ထပ်ဝန်ထမ်းတွေ ရှိနေသေးတာ မေ့လျော့နေမိ၏။

"မိုက မိသားစုများလား" ဟု သူကမေး၏။

"အင်း" ပြီးစလွယ်ဖြေမိ၏။ စုံစုံစေ့စေ့ ပြောလို့မှဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တာ။

ဗိုး ခဏခဏ သူ့ကိုငဲ့ကြည့်နေမိသည်။ သည်လိုကြည့်နေရတာ အရမ်းကျေနပ်သည်။ သူ ဒါကို သတိပြုမိသွားမလား။

သတိပြုမိသွားလျှင် အထင်သေးသွားမလား။

ရှည်ရှည်ဝေးဝေးတွေ မစဉ်းစားချင်။

ကိုယ့်အတွက် သာယာချမ်းမြေ့ချိန်ကလေးက ဘယ်နှစ်ရက်မှန်းမသိ။

သည်မနက်ကလေးကို ဘယ်တော့မှ မေ့ပစ်လို့ရမှာ မဟုတ်တော့ပါ။

တိတ်တခိုးခွဲမက်နေသူက ဗိုးဘေးမှာ ငွေးငွေးတွေးတွေး။

"စားချင်တာမှာစား၊ အားနာစရာမလိုဘူး"ဟု သူက တိုက်တွန်း၏။

"ဟုတ်ကဲ့"

ကုဋ္ဌာဗိုကို သူက ဂရုစိုက်သည်။ လိုက်လုံဖော်ရွေသည်။

"စက္ကူထရီအသစ်က ပိုလှတယ် ဘော့(စ်)ရ"ဟု





ကောင်လေးတစ်ယောက်က ပြောသည်။

"ကဲ…မကုဋ္ဌာဗိုး ဘာကျွေးမှာလဲ"ဟု နောက်တစ်ယောက်က မေးလာတော့ ဗိုး နှုတ်ခမ်းလေးစေ့စေ့ပြုံးလိုက်ရင်း…

"ကဲပါ…ကျွေးပါမယ်၊ မနက်ဖြန်ပေါ့"ဟု ပြောရသည်။

"ဟာ…တစ်ပွဲပြီးတစ်ပွဲ ပွတာပဲ"

သူ့တပည့်ကောင်လေးတွေက သဘောကျသွား၏။ သူက ပြုံးနေပါသည်။ ပြီးမှ သူက ဗိုးကို တစ်ချက်လှမ်းကြည့်သည်။

ဗိုး မျက်လွှာချရင်း…

"ကော်ဖီအေးပြီ ကိုကုဋေ"ဟု သတိပေးမိ၏။

သူက အကြည့်လွဲမသွားဘဲ ခပ်စူးစူး ဆက်ကြည့်နေတော့ ကုဋ္ဌာဗိုး နေရခက်မိ၏။ မနေတတ်ပါ။

သူဘာတွေတွေးနေလဲ ဗိုး သိပ်သိချင်မိသည်။

"ဒီနေ့ အလုပ်တွေ အများကြီးရှိတယ်၊ ကြိုးစားလုပ်ကြကွာ"

သူက နာရီကိုကြည့်ပြီး ဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကုဋ္ဌာဗိုရင်ထဲမှာ ပြောင်းဆန်နေ၏။

သူ့ဘေးနားမှာ နေခွင့်ရတာကို မယုံချင်။

"ဟေး"ခနဲပင် အော်ဟစ်ပစ်လိုက်ချင်သည်။

သူမကိုယ်သူမ အပျော်မလွန်အောင် ဖိနှိပ်ထားရသည်။

တခြားလူတွေ ရိပ်မိကုန်လျှင်အခက်။

ဘာလို့ သည်လောက်ပျော်မိသလဲ။ ဒါဟာ ခဏတာ အခွင့်အရေးလေးပါ။ တကယ်တန်းကျတော့ သူ့ကို ပိုင်ဆိုင်ခွင့်ရမှာမို့လို့လား။ ခဏတာနေခွင့်ကလေးကို ဗိုက တန်ဖိုးထားမြတ်နိုးနေမိ၏။



အင်္ဂါနေ့မနက်။

ဗိုအခန်းဝကို ရောက်သွားချိန်မှာ သူက ရောက်နှင့်ပြီး စားပွဲမှာ အကျအနထိုင်ကာ သတင်းစာဖတ်နေပြီ။

"အစောကြီးရောက်နေတယ်"

သူက ဗိုအသံကြောင့် လှမ်းကြည့်ပြုံးပြပြီး ခေါင်းဆတ်၏။ သည်နေ့တော့ ဗိုက လှတပတကလေး ပြင်ဆင်ခြယ်သထား၏။

စကဒ်ရှည်အနက်စိုစိုကလေးနှင့် ကုတ်အင်္ကျီကလေးက ဗိုခြေထောက်နှင့် အင်မတန်လိုက်ဖက်သည်။

အမှန်တော့ တစ်ခုမှ အခုချက်ချင်း စီစဉ်ရတာမဟုတ်ပါ။ အစကတည်းက စီစဉ်ပြီးသား၊ ရှိပြီးသားတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုက်ဆံအိတ်အမဲပျော့ပျော့ကလေးကို စားပွဲပေါ်လှမ်းတင်ရင်း ဆွဲခြင်းပန်းရောင်ကလေးကိုပါ စားပွဲပေါ်တင်လိုက်၏။

"ကိုကုဋေအောင်"

"ဗျာ"

သူက သတင်းစာ ဖတ်မပျက် ထူးလိုက်ပြီးမှ…

မိုက သူ့စားပွဲမှာ ရပ်နေတော့ သူက ပြောစရာရှိနေတာသိပုံနှင့် "ဆို"ဟုမေး၏။

"စားပွဲမှာ ပန်းအစိုထိုးပေးမယ်နော်"

"ဟင်…ဘာလို့လဲ"

"ပန်းခြောက်တွေက မမွှေးဘူး၊ ပန်းအစိုထိုးတော့ မွှေးတာပေါ့၊ ပန်းရနံ့က လူကိုလန်းဆန်းစေတယ်"

"သဘောပဲလေ"

သူက ဘာမှမပြောတော့ဘဲ ခွင့်ပြုသည်။

မိုက ဂန္ဓမာနှင့် ရေမွှေးနှင်းဆီကို ရောပြီးထိုးသည်။

"ကော်ဖီသောက်မလားဟင်"





သူ့အကြည့်တွေကို မသိသလိုနေရင်း မိုကမေးမိ၏။

ဘာပဲပြောပြော သူ့မျက်နှာမှာ ကျေနပ်ရောင်ဝေါသည်။

ခုလို တယုတယလေး လုပ်ပေးတာ သူ ဝမ်းသာနေမှာပါ။

အလုပ်ဝင်စမို့ မျက်နှာလို မျက်နှာရ လုပ်နေတာမဟုတ်ပါဘူး။ သူ့အနားမှာ သည်လို တယုတယလေး အသေးအဖွဲကအစ ဖန်တီးလုပ်ကိုင်ပေးချင်လို့ ရောက်လာခဲ့သူပါ။ မိုမှာ အမြစ်ရှိနေသလား။ အဲဒီလို မရိုးမသားရောက်လာမိတာ။

မိန်းမသားမာနက တစ်ဝက်၊ နှလုံးသားရဲ့ အမိန့်ကို မလွန်ဆန်နိုင်တာကတစ်ဝက်။ စိတ်ထဲ ပင်ပန်းလွန်းလှသည်။

မို ငိုချင်လာမိသည်။

မိုကို တစ်နေ့နေ့ ရှင် အလင်းသေးသွားမှာကို သိမ်ကြောက်မိသည်။

"မို"သူ့ခေါ်သံကြောင့် သူ့ရှိရာဘက် လှည့်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက စားပွဲဆီ တန်းတန်းမတ်မတ် လျှောက်လာသည်။

တစ်ခုခုပြောဖို့ဆိုတာ သူ့မျက်နှာကိုကြည့်ပြီး သိလိုက်သည်။

"ဒီနေ့ ညစာစားပွဲရှိတယ်"ဟု ဆိုပြီး…

"အဲဒါ ဗို လိုက်ချင်လိုက်လို့ရတယ်"ဟု ခေါ်၏။

"ဟုတ်"

သူက ကုဋ္ဌာဗိုကို တမင်ခေါ်တာပါ။

"ညဥ့်နက်မယ်ထင်တယ်၊ ရပါ့မလား"

သူက တွေးတွေးဆဆဆိုသည်။

"ကိုယ် အိမ်ပြန်ပို့ပေးမှာပါ"

ဗို ခေါင်းညိတ်ရင်း ရင်ထဲမှာ တလှပ်လှပ် ခုန်လှုပ်လာသည်။

ဝမ်းလည်းသာ ဝမ်းလည်းနည်း သူနဲ့ပတ်သက်လာရင် ခံစားမှုက နှစ်ခုတစ်ပြိုင်တည်း ဖြစ်လာသည်။

မိုးလင်းမိုးချုပ် သူ့အနားမှာ နေခွင့်ရဖို့ မမျှော်လင့်ရဲခဲ့တာ





အမှန်။ သူ့ဖိတ်ခေါ်မှုကို ဗိုက ဘယ်လိုအင်အားတွေနဲ့ ငြင်းဆန်နိုင်မှာလဲ။ သူ့စကားဆို သည်ခေါင်းက အလိုလိုညိတ်ပြီးသား။

"ကိုယ် ကိစ္စတွေရှိလို့ အပြင်သွားမယ်၊ ထမင်းစားချိန် လောက်ပြန်ရောက်မယ်၊ ဖုန်းလာရင် သေချာမှတ်ထားပေး၊ မေ့သွားတာမျိုး မဖြစ်စေနဲ့ဦး၊ ကြားလား"

"ဟုတ်ကဲ့၊ စိတ်ချပါ"

"ဟိုမှာရိုက်ထားတဲ့ ကွန်ပျူတာစာရွက်တွေ (·····)က လာယူရင်ပေးလိုက်၊ အားလုံးပေါင်း ကိုးရွက်တိတိရှိတယ်"

"ဪ…ရက်စတော့ရင်က စာရင်းရောက်လာရင် ပိုက်ဆံကို သေသေချာချာလက်ခံထား၊ မရှင်းတာရှိရင် သေချာမေးဦး"

ကုဋ္ဌာဗိုက သူ့ကို [illegible]မော့ငေးငေးကလေး ကြည့်နေ၏။

ကုဋေအောင်က ဘာမှပြန်မပြောဘဲ ကိုယ့်ကိုကြည့်နေသော ကောင်မလေးကို နားမလည်နိုင်စွာနှင့်…

"ဖြစ်ရဲ့လား"ဟု ပြန်မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မှာစရာရှိတာကို မှာနေသည်။

"ကိုကုဋ္ဌေ"

"ပြော"

"ဘယ်အချိန်ပြန်လာမှာလဲ"မဆီမဆိုင် မေးမိသည်။

"မပြောတတ်သေးဘူး၊ ဘာလို့လဲ"

"ထမင်းအတူတူစားဖို့ပါ"

"ဒါဆို ထမင်းစားချိန် အမှီပြန်လာမယ်၊ စောင့်နေကွာ"

"အင်း"

သူက ယူစရာရှိတာတွေယူပြီး ထွက်ခါနီးတော့…

"သွားပြီမို"ဟု နှုတ်ဆက်သည်။

သူမကို နှုတ်ဆက်ဖို့ လုံးဝမမေ့။

မို ရှင့်ကိုပိုင်ချင်တယ်။ ရှင့်ကို ချစ်နေမိပြီ။

တိတ်တိတ်ကလေး စွဲလန်းနေခဲ့တာ ကြာပါပြီ။

သူနဲ့ဝေးသွားမှာ တထိတ်ထိတ် စိုးရွံ့နေသည်။

ပူနွေးသောမျက်ရည်တွေက မျက်လုံးအိမ်ထဲ ပြည့်လာ၏။





မို ဘာဆက်လုပ်ရမလဲ။

နေ့လည်တစ်နာရီကျော်မှာ သူက ဖုန်းဆက်သည်။

"ကုဗ္ဗာမိုလား"

"ဟုတ်"

"ဆာရင်စားနှင့်တော့ကွာ…စောင့်မနေနဲ့တော့၊ အရမ်းနောက်ကျနေပြီ၊ လာလို့မရဘူး၊ ညှိသည်တွေ ညှိခံနေရတယ်"

"ဟင်း"

ကုဗ္ဗာမိုက သူမသိအောင် သက်ပြင်းခိုးရှိုက်သည်။

အတူတူစားချင်လို့သာ စောင့်နေမိတာ။ အဆာလွန်ပြီး စားချင်စိတ်ပင် မရှိတော့ပါ။

"ကိုယ်လည်း ဆာနေပြီ၊ ညှိသည်တွေကို ပစ်ထားလို့မရဘူး"

နှုတ်ခမ်းစူချင်စိတ်ကို ချက်ချင်းထိန်းလိုက်ရသည်။

"ဟုတ်ကဲ့…စားလိုက်ပါ့မယ်"ဟု ပြေလည်စွာပဲပြောမိ၏။



www.burmeseclassic.com

www.burmeseclassic.com

မိုက တခြားဝန်ထမ်းတွေနဲ့အတူ စားလိုက်ရပေမယ့် ရင်ထဲ မကြည်လင်လှ။ အမျိုးမျိုးတွေးပြီး စိတ်ကောက်ချင်မိသည်။ ဘာလို့ အလုပ်ကို ဒီလောက်မဲနေရတာလဲ။

“ဟဲ့…စားမကောင်းဘူးလား”

ဟက်ဟက်ပက်ပက် မစားနိုင်တာ၊ စိတ်မပါလက်မပါ စားနေတာကိုမြင်တော့ သက်ထားမိစွာ မေးလာ၏။

“အင်း…ကောင်းပါတယ်”

“လက်ဖက်သုပ်စားဦးလေ”ဟု မချိုက ဆိုပါသည်။

“ဘော့စ်က အလုပ်ဆို သဲကြီးမဲကြီးပဲကွ”

“အင်း…ဟုတ်တယ်”

“အံမယ်…သူ့ကောင်မလေး ဖုန်းဆက်ရင်တော့ မှာမှာ သလဲပါနော်”

သူတို့စကားတွေက ကုဋ္ဌာမိုကို အရှိက်ထိစေသည်။

မို မသိမသာထွက်လာခဲ့၏။ ဆက်ပြီး နားမထောင်ချင်။

သူ့ဘဝကို ဘယ်တော့မှ ပိုင်ဆိုင်ခွင့်ရမှာ မဟုတ်တော့ပါ





ဘူး။

ရင်ထဲမှာ အလိုလို ဝမ်းနည်းအားငယ်နေသည်။

အရှုံးဝေဒနာတွေကို ဘယ်အချိန်ထိ အံကြိတ်ထားနိုင်မလဲ။ သူ့အကြောင်းတွေကို ခပ်အေးအေး နားထောင်ရဲလောက်အောင် မရင့်ကျက်သေးပါ။ ခံနိုင်ရည်မရှိသေးပါ။

သူနှင့်ပတ်သက်လာလျှင် ကုဋ္ဌာမို သိပ်ပျော့ညံ့သည်။ သေးသေးဖွဲဖွဲလေးကအစ ခံစားရသည်။

ပြီးတော့ သူ့ကို သူ့ကောင်မလေးနှင့် ယှဉ်တွဲတွေ့ခဲ့ရင် ဘယ်ကိုများ ပြေးပုန်းရမလဲ။ ရဲရဲကြည့်ဝံ့သည့်သတ္တိမရှိ။

အဲဒါ မို အကြောက်ဆုံးအရာ။

သူ့ကားလေး ခြံထဲဝင်လာတော့ ကုဋ္ဌာမို တွေတွေငေးငေး လေး လှမ်းကြည့်နေမိသည်။ သူက တည့်တည့်လျှောက်လာသည်။

“ထမင်းစားပြီးပြီလား”

“ဟုတ်ကဲ့…ကိုကုဋ္ဌေရော”

“အခုပဲစားခဲ့ပြီးပြီ”



www.burmeseclassic.com

www.burmeseclassic.com



သူက အထဲမဝင်သေးဘဲ သူမနှင့် ခပ်လှမ်းလှမ်းမှာ ခုံဆွဲထိုင်သည်။

"အဆင်ပြေရဲ့လား အလုပ်လုပ်ရတာ"

"ဟုတ်ကဲ့"

"ကိုယ်လည်း အိပ်ဆေးပျက်တာနဲ့ တစ်နေကုန် အလုပ်များနေတာနဲ့ သိပ်မလန်းဆန်းဘူးဖြစ်နေတယ်"

"ဟုတ်လား"

"အပန်းဖြေခရီးထွက်မလားလို့"

"ရှင်"

ဗိုံ မျက်လုံးလေး ဝိုင်းသွားသည်။

"လောလောဆယ်တော့ မသွားသေးပါဘူး"

ကုဋ္ဌာဗို လှစ်ခနဲပြုံးမိသည်။

မျက်လုံးလေးထောင့်ကပ်ရင်း မသိမသာကြည့်မိတော့ သူက ဗိုံကို သဘောကျသလို ပြုံးနေ၏။

သူ့အပြုံးက လေးနက်ချိုမြိန်သည်။





သိပ်ပြီး လိုက်လှဲအသက်ပါလွန်းသည်ဟု ထင်မိတာ ဟုတ်ပါ့မလား။ တကယ်ဟုတ်နေရင် သူများတွေ သတိထားမိမှာပေါ့။

သူ့မျက်နှာက ပကတိ တည်တည်ကြည်ကြည်ပါပဲ။ သူ့မျက်လုံးတွေက အမြဲတမ်းပဲ စူးရှလက်ဖြာနေသည်။

ဘာလို့ သူ့ကိုချစ်မိသလဲ။ ဘာလို့ သူ့အနားမှာ ရစ်ဝဲနေချင်မိသလဲ။ မခွဲနိုင်မခွာရက် ဖြစ်နေမိသလဲ။

ဘာပဲဖြစ်ဖြစ် သူ့အနားမှာရှိနေရတာ နှစ်သက်သည်။ ပျော်သည်။ ဒါကိုညာလို့မရ။

မနေ့ညက ညီထူးက ဖုန်းဆက်တော့…

"ဘယ်လိုလဲဗိုံ…အိုကေပြီလားတဲ့"

သူ့မေးခွန်းကို မဖြေနိုင်ပါ။

တကယ်တော့ သည်မှာ အလုပ်ဝင်လုပ်တာ သူ့အချစ်ကို ရဖို့ အနီးကပ်စည်းရုံးဖျားယောင်းဖို့မှ မဟုတ်တာ။

သူ့အနားမှာနေချင်လို့ သက်သက်။ တခြားကြံစည်ချက်များ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်မှုမပါ။ ချစ်သူရှိပြီးသား ယောကျ်ားတစ်ယောက်ကို ရေလာမြောင်းပေး မလုပ်ချင်ပါ။

သူ့နှလုံးသားက ပိုင်ရှင်ရှိနေသည်။ ကိုယ်က သိသိကြီးနှင့် ရှေ့ကိုသွားလျှင် တစ်နေ့နေ့ နောင်တရချင်ရမှာ။

ချစ်သူစုံတွဲကြားကို ဖြတ်ခုတ်မယူချင်။ အနှောင့်အယှက်မပေးချင်။ စိတ်ဒုက္ခမရောက်စေချင်။

မို တိတ်တဆိတ်ကလေး သက်ပြင်းရှိုက်မိပါသည်။

"ဟိတ်…ပြောလေ"

"ဝှက်ဖဲမထားကြေး"

သူ မို မဖြေတာကို တစ်မျိုးထင်နေပြန်သည်။

ညီထူးက ဘယ်လိုများ ထင်နေလို့လဲမသိ။

သေချာတာကတော့ မို့ကို သူနားမလည်။

မို့အချစ်က လျှို့ဝှက်သိပ်သည်းလှသည်။

သိမ်မွေ့နူးညံ့ခြင်း၊

နက်ရှိုင်းကျယ်ပြန့်ခြင်း၊





အေးငြိမ်းတည်ငြိမ်ခြင်း၊

ဘယ်သူမှမသိနိုင်တဲ့ချစ်ခြင်း၊

ဘယ်သူမှနားမလည်နိုင်တဲ့ ချစ်ခြင်း၊

နှလုံးသားထဲက နူးညံ့နွေးထွေးသော အချစ်ကို ကုဋ္ဌာမိုက တန်ဖိုးထားသည်။ မြတ်နိုးသည်။ ပစ်စလက်ခတ် အဖြစ်မခံနိုင်။

"ကုဋ္ဌာမို"

"ဟင်"

သူ့ခေါ်သံကြောင့် အတွေးတွေလွင့်သွားရသည်။

သူက မို့ကို စူးစူးကြည့်ရင်း တစ်ခုခု ပြင်းပြင်းထန်ထန်တွေးကာ…

"ကုဋ္ဌာကို ကိုယ်မြင်ဖူးသလားလို့"

"ဟင်"

သူမ မျက်လုံးလေးပြူးကာ ကိုယ်လေးမတ်သွားရသည်။

တစ်ခါမြင်ဖူးတာကို သူက ခပ်ရေးရေးမှတ်မိပုံမျိုး။

"မိုရော ကိုယ့်ကိုမြင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူ အားတက်သရေဖြစ်သွားကာ…

"ဘယ်မှာမြင်ဘူးတာလဲ"ဟု မေး၏။

"ဒီကုမ္ပဏီကို ရောက်လာတော့လေ"ဟု ရယ်သံကလေးမွှက်ကာ ဖြေ၏။ သူ့မျက်နှာက ဟန်ဆောင်မှုကင်းစွာ ပြုံးသွား၏။

ကုဗ္ဗာမိုက ထိုအပြုံးကို စွဲမက်သည်။ အမြဲမြင်ချင်သည်။

"ဟာ…သွားပါပြီ"

"အရင်ကမှ မမြင်ဘူးတာ"

"ကိုယ်က မြင်ဘူးသလားလို့ကွာ"

မို ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

"ကုဗ္ဗာမို"

"ရှင်"

"မနက်က ကုမ္ပဏီကို လာသွားတဲ့သူငယ်ချင်းက မို့အကြောင်းတွေ မေးနေတယ်၊ မို့ကို တော်တော်သဘောကျနေပုံပဲ"





သူက အားနာသလိုနှင့် ပြောပြ၏။

"သူက သိပ်ချမ်းသာတယ်၊ စိတ်သဘောထားလည်း ကောင်းတယ်"

"အင်း"

ကုဗ္ဗာမို သူ့စကားတွေကို ရင်နာနာနှင့် နားထောင်နေမိပါသည်။

သူက စေတနာနှင့် ပြောပြနေတာ ဖြစ်ကောင်းဖြစ်မှာပါ။

သို့ပေမယ့် မို့ရင်ထဲမှာ ဝေဒနာက တနင့်တပိုး။ မို့ရင်ထဲက တမ်းတနေသူက တခြားတစ်ယောက်ပါ ကိုကုဋ္ဌေအောင်ရယ်။

သူတော့ မို့အပေါ် သာမန်ကောင်မလေးတစ်ယောက်လို သဘောထားတာ။ အဲဒီထက် နည်းနည်းကလေးမှ ပိုစိတ်မဝင်စားတာ သေချာသည်။

မို လောဘကြီးနေမိသည်။

သူ့ရှေ့မှ ကောင်မလေးကို ကုဋ္ဌေအောင် အကြာကြီး ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ တကယ်ထူးဆန်းလွန်းသည်။ ကိုယ့်အပေါ် အလွန်တရာ ဂရုစိုက်တာ။ နွေးနွေးထွေးထွေး ဆက်ဆံတာ သိသည်။

သူမသဏ္ဌာန်ကလေးက တကယ် နူးနူးညံ့ညံ့ လှလှပပ ကလေး။

သို့ပေမယ့် သူ လုံးဝနားမလည်နိုင်အောင် ဖြစ်မိသည်။

အလုပ်တစ်ခုတောင် အသည်းအသန် ရှာနေသည့်ဘဝမှာ ကိုယ့်သူငယ်ချင်းလို ပုဂ္ဂိုလ်မျိုးက သဘောကျနှစ်သက်သည်ဆိုတာ သူမအဖို့ အခွင့်အရေးကောင်းတစ်ခုပါ။ မိမိရရ ဖမ်းဆုပ်သင့်တာ။ ကိုယ်ကဖြင့် မဆီမဆိုင် ဝမ်းသာနေလိုက်ရတာ သူမကို ပြန်ပြောပြတော့ စိတ်ဝင်စားဟန်မပြ။ အားတက်သရောလည်း မရှိ၊ အခွင့်အရေးတစ်ခုကို လက်လွှတ်ခံသည်။

မိုက်မဲလိုက်တာကွာ။ 'အ'လိုက်တာ။

အမှန်ဆို သည်ကိစ္စက ကိုယ်နှင့် ဘာမှမဆိုင်။ ဘေးကနေ တိုက်တွန်းဖို့လည်း မသင့်တော်။ သူမမှာ ချစ်သူရှိနေသလား။





ဒါကို သူတွေးသင့်သည်။ မေးကြည့်သင့်သည်။

"ကုဗ္ဘာဗို"

မျက်လုံးလေးထောင့်ကပ်ကာ "ရှင်"ဟု ထူးသည်။

"ဗို့မှာ ချစ်သူရှိနေလား"

ရုတ်တရက်မဖြေသေးဘဲ မျက်လွှာချသွားသည်။ ပြီးမှ…

"မရှိပါဘူး"တဲ့။

"ဆောရီး…မဆိုင်တာမေးတာ မဟုတ်ပါဘူး၊ သိချင်လို့ပါ"

"ရပါတယ်"

"ဒါဆို ဘာလို့ ကိုယ့်သူငယ်ချင်းကို မစဉ်းစားတာလဲ"

သူမေးတာကို ကုဗ္ဘာဗို မဖြေပါ။

ကုဋ္ဋေအောင်က ထပ်ပြီး မစွက်ဖက်ချင်တာမို့ ထိုစကားကို ထိုနေရာမှာတင် ရပ်ထားလိုက်သည်။ ဤကောင်မလေးက မထုံတက်တေး မလှုပ်တလှုပ်။ မပွင့်တပွင့်လေး။





www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းလာတော့ ဗိုဒ် မေမေ့ဆီ ဖုန်းဆက်သည်။

ညဘက် မိုးချုပ်မှာ ပြောပြထားမိ၏။

ညှိခံပွဲသွားတော့ ကုရှာက သူ့ဘေးမှာ အတူလိုက်ပါခွင့်ရပါသည်။

"ကိုကုရှ"

"ပြောလေ ဗိုဒ်"

ညဖက်ရှုခင်းကို ကားပြတင်းက ငေးကြည့်ကာ ခေါ်မိသည်။

သူနှင့်အတူတူ အပြင်သွားရတာ ကြည်နူးချမ်းမြေ့လွန်းပါသည်။

"ဒီတစ်ရှူးစူးလေး ထားပေးမယ်နော်၊ အသဲ[illegible] ခေါင်းအုံး

www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်လုံးက ကားနောက်မှန်ရဲ့အရှေ့မှာ ထားမယ်”

သူကားမောင်းနေရင်းမှ ကြွတ်ကြွတ်အိတ်ထဲက ဗိုထုတ်ယူလိုက်သော တစ်ရှူးဘူးအနီရဲလေးကို တစ်ချက်ကြည့်သည်။

“ရပါတယ်…ထားလေ”

သူခွင့်ပေးတာမို့ သူမက ကလေးတစ်ယောက်လို ပျော်ရွှင်ကျေနပ်သွား၏။ ကားရှေ့ရှိ ဒက်ဘုတ်ပေါ်မှာ သူမက တစ်ရှူးဗူးလေးကိုတင်သည်။

သူက ဗိုကိုတစ်လှည့် တစ်ရှူးဗူးလေးကို တစ်လှည့်ကြည့်ရင်း…

“ကိုယ့်ကားကို တစ်ရှူးဗူးမှတ်ထားပြီး အဝေးကြီးကမြင်ရင် တားဆီးမလို့လား”ဟု စ၏။

ဗို ပြန်မဖြေနိုင်ဘဲ ရယ်နေမိသည်။

“ကိုကုရွှေက မိသားစုများလား”

သူမေးဖူးသော မေးခွန်းလေးပါ သတိတရပြန်မေးမိ၏။

“မောင်နှမလေးယောက်ရှိတယ်”





“သြော်…လေးယောက်လား”

“ဟုတ်တယ်”

ဘာဆက်မေးရမှန်းမသိ။ ကိုယ့်ကို ပြန်မေးလာလျှင် ခက်မည်။ တိတ်တဆိတ်နေတာပဲ ကောင်းသည်။

ကုရွှေအောင်က ကားမောင်းရင်းမှ ဗိုဘက် မျက်လုံးလေး ရွှေကြည့်လိုက်တာ ရှေ့ကြည့်နေပေမယ့် ဗိုက မြင်ပါသည်။

“ဗိုက သံသယကြီးတတ်လား”

“ဟင့်အင်း”

“ယုံလွယ်တတ်လား”

“ဟင့်အင်း”

သူဘာလို့မေးမှန်းမသိပါ။ ကုရွှေအောင်နှင့် ကမ္ဘာဗို မျက်လုံးချင်း ဆုံမိကြ၏။ သူ့မျက်လုံးတွေထဲမှာ နွေးထွေးတဲ့အရိပ်အယောင်ကို ဗို ဘွားခနဲ မြင်ရသည်။

သူဟာ ချစ်သူကွယ်ရာမှာ ဖောက်ပြန်တတ်တဲ့ ယောက်ျားတစ်ယောက်တော့ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုလို အေးချမ်းသောညမှာ ကားတစ်စီးကို နှစ်ယောက်အတူစီးပြီး အတူတူရှိနေသော အနေအထားမှာ ရာသီဥတုက ဖမ်းစားထားတာအမှန်။

ဒီလိုအချိန်မျိုးဟာ ရင်းနှီးမှုအတိုင်းအတာတစ်ခုကို ချက်ချင်း ရောက်သွားနိုင်ပါသည်။ မို ရှင့်ကို အရမ်းချစ်ပါတယ်။ ချစ်လို့လည်း ရှင့်အနားကို ရောက်နေခဲ့တာ။ ဒါပေမယ့် နှစ်ယောက်စလုံးရဲ့ ကိုယ်ကျင့်တရားကို ထိခိုက်စေမဲ့ ဖြစ်ရပ်မျိုး မို မဖန်တီးချင်ဘူး။ မို ရှုံးတော့မှာပဲ။ ဒီဟာစိတ်တွေ လွန်ဆွဲနေရတာ မောယန်းလှန်းလှပါပြီ။ ဆင်ခြင်တုံတရားက နုံပါတ်နှစ်ဖြစ်နေသည်။ ပြီးတော့ သူများရည်းစားကို မလုချင်။ ကိုယ့်ချစ်သူကို သူများလာလုရင် ကိုယ်ဘယ်လိုနေမလဲ။ ဝဋ်ဆိုတာကိုလည်း ကြောက်ပါသည်။ အခုအချိန်မှာတော့ မျိုသိပ်နိုင်စွမ်းအားတွေ ရှိနေသေးသည်။ တစ်ချိန်ချိန်တော့ ရင်ထဲကဆန္ဒ ပေါက်ကွဲထွက်လာခဲ့ရင်…

မရှိးသားတဲ့ အကြည့်လေးနှင့်ပင် မကြည့်ဝံ့ပါ။

မို ဘာဆက်လုပ်ရမလဲ။ ကုမ္မေအနားကနေ ချက်ချင်း





ထွက်သွားသင့်သလား။ တကယ်ဆို ညီထူးရယ်၊ ရွှေစင်ရယ်၊ ကုမ္မာမိုရယ်၊ ဆန္ဒရယ် သူငယ်ချင်းလေးယောက်ရဲ့ ဘဝထဲကို ကုမ္မေအောင်ဆိုသော ရှင်က အမှတ်တမဲ့ဝင်ရောက်လာခဲ့တာပါ။ ကုမ္မာမို၏ အေးချမ်းပျော်ရွှင်စရာကောင်းသော နေ့ရက်တွေထဲကို ကုမ္မေအောင် စတင်ဝင်ရောက်လာခဲ့တာက သည်လိုပါ။



www.burmeseclassic.com

www.burmeseclassic.com

ဦးခန့်နှင့် ဒေါ်လေးယုယ ခရီးမထွက်ဖြစ်လျှင်…

ကုရှာဗိုက ဒေါ်လေးတို့အိမ်မှာ သွားမစောင့်ပေးခဲ့လျှင်၊ သူတို့ခြံဘက်ကို ထွက်မကြည့်ဖြစ်လျှင်။

ကုရှာတို့ဆီ သူ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး အကူအညီမတောင်းခဲ့လျှင်…

အခုတော့ 'လျှင်' အားလုံးက သူတို့ကို တွေ့ဆုံစေခဲ့သည်။ ထိုတွေ့ဆုံမှုမှာ သူမက ကျရှုံးဖို့ဖြစ်ခဲ့သည်။ သူက အသာစီးရခဲ့သည်။

အဲဒါ ဘာလို့များလဲ။





www.burmeseclassic.com

www.burmeseclassic.com

ဆပ်ပြာရည်တွေ အားပါးတရဖျော်ကာ ရေအေးနှင့် ရေနွေးကို အနေတော်ကလေး ရောစပ်ထည့်သည်။ 'Heater' ပိုက်က ထွက်လာသော ရေက နည်းနည်းပူသည်ဟု မိုက ထင်သည်။

"သမီးရေ…ကုရှာ"

မေမေ့ခေါ်သံကြောင့် ရေချိုးခန်းထဲမှ လှမ်းထူးမိသည်။

"ရှင်"

"ဒီမှာဖုန်းလာနေတယ်၊ သမီးသူငယ်ချင်း ညီထူးဆီက"

ရေချိုးခန်းတံခါးကို ခပ်ဟဟဖွင့်ရင်း မေမေ့ဆီက ဖုန်းလေးကို လှမ်းယူလိုက်ရသည်။ မေမေက ယူလာပေးသည်။

"ညီထူး"

"အေး…ငါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီည ငါမရှိဘူး၊ ဦးလေးခန့်တို့အိမ်မှာ သွားနေပေးရမယ်"

"ဗဲ့တတ်လား"

"အင်း"

"ဒါဆို နင်တစ်ယောက်တည်းပေါ့"

"အင်း"

"ငါလာခဲ့ရမလား"

"တော်ပါပြီ"

"ကောင်းပြီလေ၊ မနက်မှလာမယ်"

"အင်း"

"နင့်အဖော်ရောပါရဲ့လား"

"ပါတာပေါ့"

"ကိစ္စရှိရင် ငါ့ကိုလှမ်းခေါ်"

"ရက်(စ်)"

ဦးထူးက အဲဒီလိုတော့ အားကိုးဖော်ရသည်။ ဘာကိစ္စရှိ





လို့ ချက်ချင်း အပြေးရောက်လာတတ်တာ။

"မနက်ဖြန်ည ရုပ်ရှင်ကြည့်မယ်ဆို လက်မှတ်ဝယ်ထားလိုက်မယ်"

"ကြည့်မယ်လေ…ရွှေစင်ရော ပါမှာမဟုတ်လား"

"ဒါပေါ့"

"ဟေး…ဒါဆို ပျော်စရာကြီး"

"သူက လိုက်ပါ့မလားမသိဘူး"

"ဘာလို့"

"တစ်ခါတလေ သူက ခပ်ဖယ်ဖယ်လုပ်ချင်တတ်တာလေ"

"ရအောင်ခေါ်လိုက်ပါဟယ်"

"အေးပါ…နင့်သူငယ်ချင်းက ခွဲခြားခွဲခြားနဲ့"

"ငါက ရေချိုးနေတာဟဲ့"

"ဟုတ်လား"ဟု အားနာသလို ရေရွတ်ကာ…

"ချိုးချိုး ဒါပဲ"ဟု မြန်မြန် ဖုန်းချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



“အင်း”

မေမေက ဖုန်းပြောပြီးတာ ရပ်စောင့်နေသည်။

“ပြီးပြီလား ဗို”

“ဟယ်…အားနာလိုက်တာ၊ ကန်တော့ ကန်တော့ မေမေ”

“ရပါတယ်သမီးရယ်”

ဆပ်ပြာရည်နှင့် မွှေးမြနေအောင် လုပ်ထားသော ရေချိုးကန်ထဲ ဆပ်ပြာရည်နှင့် မွှေးမြအောင်လုပ်ထားသော ရေချိုးကန်ထဲ ပြန်ဝင်လိုက်၏။ ပန်းသီးနံ့သင်းသော ဆပ်ပြာရည်ကို ဗို ကြိုက်သည်။

ရေစိမ်ချိုးရတာ နှစ်သက်မိသည်။

ရေချိုးတာကြာလျှင် မေမေ လှမ်းအော်သတိပေးရစမြဲပါ။

ရေချိုးကန်ထဲ စိမ်နေမိလျှင် တော်တော်နှင့် မထချင်။ ရေချိုးပြီးလျှင် အရမ်းလန်းဆန်းသည်။

“သမီးရေ…ဗို”





“ရှင်”

“ညစာ ဘာလုပ်ပေးရမလဲ”

“ထမင်းပေါင်း”

“ဘာသားနဲ့လဲ”

“ကြက်သားနဲ့ပဲ”

“အေး…အေး”

မေမေက သူမအကြိုက် လုပ်ပေးတတ်သည်။ ကိုယ်တိုင် ဝင်မချက်တောင် စီစဉ်ပေးသည်။

သူမက ရေချိုးခန်းထဲက ထွက်လာပြီး ဆံပင်တွေရေသုတ်နေရင်း မှန်တင်ခုံပေါ်ထိုင်ကာ ကိုယ့်မျက်နှာကို စေ့စေ့ကြည့်မိ၏။ မိန်းကလေးဆိုတော့ မှန်ကြိုက်သည်။

“သမီး…ပူရှုးနဲ့ နှစ်ယောက်တည်းဆို သတိထားဦး၊ သမီး ဦးခန့်နဲ့ ဒေါ်လေးယုယက နှစ်ရက်သုံးရက်ကြာမှာ”

“ဟုတ်ကဲ့ပါ”

ခေါင်းလျှော်ပြီးစ ဆံပင်ကိုဖြီး၍ ကောင်းရန် စပရေးဖျန်း

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစပရေးက ဆံပင်ရှင်းရလွယ်ပြီး ဆံပင်ကို စင်းစေသည်။ အနံ့ကလေးကလည်း မွှေးသည်။

ကုဋ္ဌာဇိုက မွှေး အရုပ်ကလေးကို ကောက်ယူချိုထားမိ၏။ ပြီးမှ ဆံပင်တွေကို ဘီးကျဲနှင့် ရှင်းသည်။ မျက်နှာကိုတော့ နို့ရည်ပဲ မထူမပါးလေးလိမ်းလိုက်၏။ နှုတ်ခမ်းနီကို လစ်ဂလော့မ် ပျော့ပျော့ကလေးဆိုးသည်။ လစ်ဂလော့(စ်) အရည် ပန်းရောင်ပျော့ပျော့ကလေးကို ကုဋ္ဌာဇို အမြဲဆိုးတတ်သည်။

ကျွင်းဂါဝန်လေးပေါ်ကနေ ပန်းရောင်အိုဗာကုတ် အတိုကလေးဝတ်သည်။ ကုဋ္ဌာဇိုက အလှအပကြိုက်သည်။ မေမေနှင့် တူတာလားမသိပါ။ မေမေကအမြဲပဲ သန့်ပြန့်ကျော့ရှင်းအောင် နေတတ်သည်။

စိတ်ပါရင် ပါသလို ကုဋ္ဌာဇိုက ဆံပင်ပုံစံ ခဏခဏ ပြောင်းသည်။ ဖြောင့်လိုက် ကောက်လိုက် ဆိုးလိုက် ညှပ်လိုက်ပါပဲ။

"မမလေး"





"ဟင်"

"ဖုန်းလာနေတယ်"

"ဘယ်သူလဲ"

"မသိဖူး"

ဗိုတစ်ချက်တွေးကာ ထလာခဲ့သည်။

"အမျိုးသားလား အမျိုးသမီးလား အသံက"

"အမျိုးသားပါ"

"အင်းလေ။ ငါသွားပြောလိုက်မယ်"

ကုဋ္ဌာဇိုက ယူစရာရှိတာကို ခရီးဆောင်သေတ္တာထဲ စနစ်တကျထည့်နေရင်းမှ ထွက်လာခဲ့သည်။

"ဟက်လို"

"မကုဋ္ဌာဇိုလား ခင်ဗျာ"

"ဟုတ်ပါတယ်ရှင်"ဟုဖြေရင်း ဘာပြောမလဲ နားထောင်နေမိ၏။

ထိုအသံကို မကြားဖူးပါ။ အသိမဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"သူက အကူအညီလိုချင်လို့ပါ"ဟုဆို၏။

"ဟုတ်ကဲ့"

"ဆန်းဒေးတုန်းက ရေကူးကန်မှာ ဖက်ရှင်လျှောက်ဖြစ်ခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

ညာစရာမလိုတာ၊ ဒါဘာထူးဆန်းလို့လဲ။ အံ့ဩမိရင်း တကူးတက ဖုန်းဆက်တာ ဒါပြောဖို့လားဟု တွေးမိသည်။ အဲဒီလိုတော့ မဖြစ်နိုင်။

"မင်္ဂလာဖင်းအဖုံး ရိုက်ချင်လို့ပါ"

"ဟင်"

"ပြီးတော့ ကြော်ငြာ ပိုစတာလေးတစ်ခု"

ကုဋ္ဌာဗိုက ဘယ်လိုပြောရမှန်းမသိ ဖြစ်သွား၏။

ဒါပေမဲ့ အဲဒီနေ့က အကူအညီတောင်းလို့ လုပ်ဖြစ်တာ ပြောပြီးမှ အရှက်ပြေ ရယ်မိသည်။ ကိုယ်က အနုပညာ အလုပ်လုပ်ဖို့လည်း မရည်ရွယ်ပါ။





"ကူညီနိုင်ရင် ကူညီပါလားဗျာ"

"ရတော့ရပါတယ်။ ကျွန်မကို ဖုန်းပြန်ဆက်ပေါ့"

"ဟာ...ဒါဆို အဆင်ပြေတယ်"

"ကျွန်မက ဘာမှ မလုပ်တတ်ဖူး ဟိုနေ့က စီစဉ်တာက သူငယ်ချင်းဖြစ်နေလို့ လုပ်ပေးမိတာလေ"

ဖုန်းပြောပြီးမှပဲ ခရီးဆောင်သေတ္တာဆွဲကာ ဦးလေးခန့်တို့ စီထွက်ခဲ့ကြသည်။ တကယ်ပါပဲ၊ ဘာရယ်မဟုတ် သူငယ်ချင်းက ဖွတ်တိုက်တွန်းလို့ **Cat Walk** လျှောက်ဖြစ်သွားတာ။

"အားလုံး ပါပြီလား၊ မေ့ဦးမယ်"ဟု ပူစူးကိုမေးရသည်။

"ဟုတ်ကဲ့"

"သေချာရဲ့လား"

"သေချာပါတယ်"

"အဲဒါဆိုပြီးရော"

ကုဋ္ဌာဗိုက မေမေ့ကို နှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေရေ…တာ့တာ"

"အေး…သမီး…အေး"

ကားတံခါးကို အဆင်သင့် ဖွင့်ပေးထားတော့ တက်ထိုင်ကာ မေမေ့ကို လက်ပြနှုတ်ဆက်သည်။

"ဘယ်လိုလဲ သမီး"

ဒါရိုက်တာ ဦးလေးကြီးမေး၏။

"ဦးခန့်တို့အိမ်"

"ဪ…အေး…အေး"

ကုဋ္ဌာမိုက MP. 3 Player လေးနှင့် သီချင်းနားထောင်၏။ ဦးလေးခန့် တို့အိမ်ရောက်တော့…

"သမီးရေ"

"ရှင်…ဘာလဲ ဒေါ်လေးယုယ"

"ပစ္စည်းတွေသေချာသိမ်းအုံး"

"အိမ်လည်း ဂရုစိုက်၊ ဖွမထားနဲ့"

ကုဋ္ဌာမိုကို စိတ်မချနိုင်စွာ မှာနေ၏။





ဗိုနှင့် ပူစူးက ညှိသည့်ပီပီ ပြီး ပြီးရော နေကြမှာ။

"အင်းပါ"

ဒေါ်လေးယုယက သူမပါးလေးကို ချစ်စနိုးဆွဲလိမ်သည်။ ကုဋ္ဌာမိုက ဦးလေးခန့်နှင့် ဒေါ်လေးယုယကို လက်ကလေးပြနှုတ်ဆက်သည်။ ပြီးမှ ဟိုသည်ကြည့်ရင်း တစ်ဘက်ခြံကို အကြည့်ရောက်၏။

"ဟိုဘက်ခြံက ကုမ္ပဏီ တစ်ခုပါလား" တီးတိုးရေရွတ်မိသည်။

ပူစူးကတော့ အိမ်ကြီးထဲဝင်ပြီး လုပ်စရာရှိတာတွေ လုပ်နေပြီ။ ဗိုခြံအစွန်းထိ လျှောက်သွားကာ စပ်စုကြည့်မိ၏။ ခြံရှေ့မြက်ခင်းပြင်မှာ စားပွဲတွေခုံတွေ သေချာစီကာ တစ်ခုခုလုပ်ဖို့ ပြင်ဆင်နေ၏။ အပေါ်ထပ်ဘေးဝရန်တာမှ ကြည့်ရင်တော့ သဲသဲကွဲကွဲ အပေါ်စီးမှ မြင်ရမှာပါ။

အိမ်ဘက်ပြန်လျှောက်လာပြီး အခန်းစီတက်ခဲ့ကာ အဝတ်အစားတွေထည့်သည်။ မိသားစု ဓါတ်ပုံကလေးကို တကြည့်စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ် ထောင်သည်။

သည်မှာ သုံးလေးရက်ခန့် နေကိုနေရမှာပါ။ သစ်ပင်ပန်းပင်တွေ ရေလောင်းဖို့ အလှစိုက်ထားသော မြက်ခင်းကို ပြုစုဖို့ ဥယျာဉ်မှူးနှစ်ယောက် နေ့စဉ်လာမှာကို စောင့်ကြည့်ပေးရမည်။

ပြီးတော့ ဒေါ်လေးယု ချွေးမွေးထားသော ကြောင်ကြီးနှစ်ကောင်၊ ထိုနှစ်ကောင်ကို အရမ်းဂရုစိုက်ရသည်။ ပြီးတော့ အလှမွေးငါးများ။

အလှမွေးငါးကန်က ရေလဲပေးရသည်။ ငါးကလေးတွေကို အချိန်မှန် အစာကျွေးရသည်။ ခြံထဲက ချွေးကြီးညွှိထွားကိုလည်း ပစ်ထားလို့မရ။ သည်ကောင်က အမဲသားနှင့် ထမင်းပဲ စားတတ်တာပါ။ ကြက်တူရွေးလေးနှစ်ကောင်ကတော့ သိပ်ပြဿနာ မရှိပါ။ ရေပ်သီးစိမ်း အချိန်မှန်ကျွေးရုံပါပဲ။ သူတို့အော်သံက အပျင်းပြေစေသည်။

အဲဒါတွေကြောင့် ဦးခန့်နှင့် ဒေါ်လေးယုက အိမ်ကိုပစ်ထားခဲ့လို့မရ။ တကယ်ပါပဲ အလုပ်ပိုတွေ။





ပုရှုးက ကြက်တူရွေးလေးတွေကို ချစ်ပေမယ့် ချွေးညိုကြီးထိုတော့ အနားမကပ်ရဲ။ အရမ်းတွန့်သည်။

ဒေါ်လေးယု၏ အသည်းစွဲ ကြောင်ကြီးနှစ်ကောင်ကိုတော့ ကုဋာဓိုကိုယ်တိုင် ဂရုစိုက်ရမှာ။

"ဒေါ်လေးယုရယ် . . . စိတ်ချရတဲ့ လူတစ်ယောက်နှစ်ယောက် ခေါ်ထားပါလား"ဟု ပြောဖူး၏။

"မခေါ်ချင်ပေါင်"

ဒေါ်လေးယုက ဦးခန့်ကို အရမ်းသဝန်တိုတတ်သူပါ။ ဘယ်သူနှင့်မှ စိတ်မချ။ တစ်ချိန်လုံး မျက်လုံးဒေါက်ထောက်ကြည့်နေတာ။ ဘယ်မိန်းမနှင့်မှ စကားပြောတာ မကြိုက်။ အရောဝင်တာ မကြိုက်။ အဲဒီလောက်အထိ တွန့်တိုတာ။

တကယ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

ဝရန်တာမှာရပ်ရင်း တစ်ဘက်ခြံထဲကို လှမ်းကြည့်မိတော့ ကုရှာဗို သဘောကျသွား၏။

ကြည့်နူးစရာမြင်ကွင်း၊ သာယာလွန်းလိုက်တာ။

မီးအိမ်မီးပုံးလေးတွေ ပုံစံမျိုးစုံ အလှဖယောင်းတိုင်လေးတွေ လွန်းလို့ ပြင်ဆင်ထားပုံက ညှို့ခံပွဲလုပ်မည့်ပုံ။

**andle light**(ဖယောင်းတိုင်မီးရောင်)က လင်းလာလိုက် မှိန်သွားလိုက်နှင့် အလင်းမငြိမ်။

"ပွစူးရေ ဝရန်တာမှာပဲ ညစာစားမယ်"

"ဟုတ်ကဲ့"

အပျင်းပြေတိုင်ကြည့်နေဂို့ တွေးသည်။ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ စကားပြောဖော်ပင်မရှိ။

ဘေးခြံကို ချည်သည်တွေ တဖွဲဖွဲရောက်လာကြသည်။

အနောက်တိုင်းဝတ်စုံကို လိုက်ဖက်ခန့်ညားစွာ ဝတ်ထား သော အမျိုးသားချောချောကို သူမ သတိပြုမိလေသည်။

သူပဲ ချည်သည်တွေကို ချည်ခံနေတာ။

ကုမ္ပဏီပိုင်ရှင် ဘော့(စ်)လား။ မန်နေဂျင်းဒါရိုက်တာလား တစ်ခုခုပါပဲ။ သူ့ခြေလှမ်းများက ယုံကြည်မှုအပြည့်။

ဗိုက ခုံပေါ်တက်ထိုင် ဝရန်တာလက်တန်းပေါ် လက်မို့ တင်ရင်း ငေးကြည့်နေမိတာ။

ဗိုု ငေးနေမိသော တစ်ယောက်က သည်ဘက်အထိ လျှောက်လာသည်။

မျက်လုံးလေးပြူးရင်း သူ့ကို ခပ်စူးစူးပဲ ကြည့်မိသွား သည်။ မျက်တောင်ပင် မခတ်မိပါ။

ရင်ထဲ ဒုတ်ခနဲ ဖြစ်သည်။ တစ်ကိုယ်လုံး ပူနွေးကာ ရင်ခုန်သံမြန်လာ၏။ သူ့သင်္ဘာန်ကို ဗိုု နှစ်ခြိုက်မိသည်။ သူ့စတိုင်လ်





ဆို သဘောကျမိသည်။

တော်ရုံတန်ရုံ ကောင်လေးတွေဆို ကုဗ္ဗာဗိုက စိတ်ဝင်စား ခဲ့တာမဟုတ်။ အဖက်လုပ်ခဲ့တာမဟုတ်။

သူ့ကိုကျမှ ရင်ထဲမှာ လိပ်ပြာတစ်ကောင် ပျံနေသလို တဖျတ်ဖျတ် လှုပ်ခတ်နေ၏။ သူ့ပုံစံက ဖမ်းစားလွန်းသည်။ ခွဲဆောင် လွန်းသည်။ နှုတ်ခမ်းအစုံက ရဲစိုလျက်။ မျက်ခုံးထူထူကြီးနှစ်ဖက် က ထင်ထင်တန်းတန်း ဘာမှပြောစရာကို မရှိတာပါ။

သူမ ခပ်ငေးငေး ကြည့်နေမိသည်။ အဲဒီလိုကြည့်နေရတာ လေးကို ကျေနပ်ကာ နစ်ဝင်နေမိသည်။

"ညစာစားဖို့ ပြင်လိုက်ရမလား မမလေး"

"ပူစူး စားပြီးပြီလား"

"ပသင့်အင်း"

"အင်းလေ…ပြင်ဆင်ပြီး အပေါ်ထပ်ယူလာခဲ့"

"ဟုတ်ကဲ့"

ဗိုက မျက်စိမလွှဲနိုင်ဘဲ ပူစူးကို ပြောနေမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုဲ ကြည့်နေတာကို သူ လုံးဝမသိနိုင်။

ညစာကို တစ်ယောက်တည်း ဝရန်တာမှာ ခြောက်သွေ့စွာစားရင်းမှ တစ်ဘက်ခြံကို အာရုံရောက်နေမိ၏။ သူ့ခွံ့ကျွေးသော ထမင်းတစ်ဇွန်းကို စားဖူးချင်သည်။ သူဖျော်ပေးသော ကော်ဖီတစ်ခွက်ကို သောက်ဖူးချင်သည်။

ဘာတွေစိတ်ကူးယဉ်မိသလဲ။ အေးချမ်းလှပသော ညချမ်းလေးမှာဗို့ စိတ်တွေက အတင့်ရဲချင်သည်။ အနီးနားမှာ တစ်ချိန်လုံးရှိနေသော ညီထူးကိုတော့ သည်လိုမျိုး စိတ်မကူးမိပါ။

သူဘယ်သူလဲ။ သူ့မှာ မိန်းမရှိနေမလား။ ချစ်သူရော… ချစ်သူရော ရှိနေမလား။ ဆင့်ကဲဆင့်ကဲ လျှောက်တွေးနေမိသည်။

ချက်ချင်းပဲ အတွေးတွေကို ဘရိတ်အုပ်ကာ ညစာစားပြီး အိပ်ဖို့ပြင်သည်။ အခန်းထဲဝင်လာကာ ခုတင်ပေါ်လှဲချရင်း…

"ပုရှုးရေ တံခါးတွေစေ့၊ မီးတွေပိတ် ကြားလား"ဟု သတိပေးမိ၏။

"ဟုတ်ကဲ့"





သည်ညသည် အရမ်းကို အိပ်ငိုက်နေသည်။ အိပ်ချင်နေပါပြီ။

ပုရှုးက ခြေသံပြင်းပြင်းနှင့် ဟိုသည်လျှောက်နေ၏။ ပါးစပ်ကလည်း သီချင်းတစ်ပုဒ်ဆိုနေသည်။ သူတစ်ယောက်တည်း ကြောက်လို့လားမသိ။





www.burmeseclassic.com

www.burmeseclassic.com

မနက်မိုးလင်းလင်းချင်း အိပ်ရာနိုးစမှာပဲ ခြံထဲဆင်းပြီး လမ်းလျှောက်သည်။ ညီထွားက နောက်ကနေ တကောက်ကောက် လိုက်၏။ သူက ကုရှာမိုက်ကို ခင်သည်။

"မမလေး ဘာစားမလဲ"ဟု မှူးစူးက မေး၏။

"အဆင်ပြေတာဝယ်ပေါ့"

"ဟုတ်"

"သိပ်တော့မကြာနဲ့ မြန်မြန်ပြန်လာ"

"အင်း"

မိုက အိမ်ထဲဝင်လာပြီး အရင်ဆုံး ရေချိုးသည်။ အဝတ် အစားလဲပြီးမှ ဓာတ်ဗူးထဲက ကော်ဖီတစ်ခွက် ထည့်သောက်သည်။

အခုချိန်ဆို ဟိုပုဂ္ဂိုလ်လေး နိုးပြီလား။

www.burmeseclassic.com

www.burmeseclassic.com



သူရော ကော်ဖီသောက်နေပြီလား။ ချက်ချင်းပဲ တွေးကြည့်မိသည်။ သည်လိုမနက်ခင်းလေးမှာ သူနှင့်အတူတူ ကော်ဖီသောက်ချင်မိသည်။ ဟယ်တော့…အဲလိုသာဆို ခက်ပြီ။ ဘာလို့များ ထူးဆန်းသောဆန္ဒတွေ ဖြစ်ပေါ်နေရသလဲ။ ဖြစ်မှဖြစ်ရလေနော်။ ကပ်သီးကပ်သတ် ကြံဖန်တွေးနေမိတာ။ လူချင်းဖြင့် မသိကြဘဲနှင့်။

ဘာပဲဖြစ်ဖြစ် အဲဒီပုဂ္ဂိုလ်လေးကို ထပ်တွေ့ချင်သည်။

သူ့ကို မြင်မြင်ချင်း ခဏလေးမှာပဲ စိတ်လှုပ်ရှားပြီး စိတ်ဝင်တစား ဖြစ်သွားမိသည်။ နက်ရှိုင်းသော ဆန္ဒတွေ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာသည်။

ဖုန်းမြည်သံကြားရတာမို့ ခည့်ခန်းကို လျှောက်လာပြီး ကောက်ကိုင်လိုက်၏။ မေမေလား၊ ညီထွေးလား၊ ရွှေစင်လား။

"ကုဋ္ဌာမိုလား"

"အင်း"

"ဒေါ်လေးယုယပါ၊ အဆင်ပြေလားသမီး"

"ဟုတ်ကဲ့"





"ဒေါ်လေးပြန်လာရင် ဘာလက်ဆောင်ဝယ်လာရမလဲ ပြော"

"ရပါတယ်၊ တစ်ခုခုပေါ့"

"အင်း…အင်း ဝယ်ခဲ့မယ်"

"အခုလို လာစောင့်နေပေးတာ ကျေးဇူးပဲသမီး"

မို ဖွဖွပြုံးမိ၏။ စိတ်တွေက တစ်ဖက်ခြံဆီပဲ ရောက်ရောက်နေ၏။ မျက်လုံးလေးတွေမှိတ်ရင်း ခပ်ဖြည်းဖြည်း ခေါင်းယမ်းသည်။ မဟုတ်သေးပါ။ ဒေါ်လေးယုယကိုလည်း ဘာမှမမေးချင်။ မေးရင်လည်း ဒေါ်လေးယုယက သူ့အကြောင်း သိချင်မှသိမှာ။ ပြီးတော့ ကုဋ္ဌာမိုက အဲဒါမျိုးတွေ မေးလေ့မေးထမရှိ။ ရှက်နေမိသည်။

မှားတော့မှားနေပြီ။ ယောကျ်ားတစ်ယောက်ကို ကိုယ့်ဘက်ကစ စိတ်ဝင်တစားဖြစ်ရမယ်ဆိုတာကို တွေးပင်မတွေးမိပါ။

ပြီးတော့ ကုဋ္ဌာမို ခြံထဲဆင်းလာခဲ့သည်။ နေပူနေပြီ။ ခြံထောင့်စွန်းရှိ အပင်ရိပ်ကလေးမှာ ကြိမ်ခုံပုလေးနှင့် ကတ်[illegible]တိုင်



www.burmeseclassic.com

www.burmeseclassic.com



မိရင်း စိမ်းမြနေသော မြက်ခင်းပေါ် နေရောင်ကျတာကို ငေးကြည့်နေဖြစ်ပါသည်။

တယုတယ ပြုစုဂရုစိုက်သော မြက်ပင်စိမ်းစိမ်းလေးတွေက အင်မတန် စိုပြည်လှပသည်။

"ဟင်...ခေါင်းလောင်းဆွဲတယ် မမလေးရေ"

ပူစူးကပြောပြီး ပြေးထွက်သွား၏။ ခြံဝင်းတံခါးကို လှမ်းကြည့်မိသည်။

သည်အချိန် ဘယ်သူများလဲ။ ဘယ်ကဧည့်သည်လဲမသိ။

"အပြင်မှာ လူတစ်ယောက်ရောက်နေတယ်"ဟု ပူစူးက ပြောသည်။

"ဘယ်သူလဲ"ဟု ရွှေစင်က ပြန်မေးပါ၏။

"ဟိုဘက်ခြံကလို့ ပြောတယ်"

"ဘယ်ဘက်ခြံကလဲ"

"ဟိုဘက်ခြံကတဲ့၊ ညက ခြံထဲမှာ ဘာပွဲလဲမသိဘူး လုပ် တယ်လေ"





"ဟင်"

ကုဋာ ဖျတ်ခနဲ ထရပ်လိုက်မိသည်။

ဘုရားရေ...

သူ့ကို ကုဋာ့ရှေ့မှောက်ရောက်အောင် မြားနတ်မောင်က တွန်းပို့လိုက်တာလား။

သည်လိုတော့ မကျီစားနဲ့နော်။

မိုက အချစ်ကို အရမ်းတန်ဖိုးထားတတ်တဲ့သူပါ။

ဘာကိစ္စများ အရေးတကြီးရှိလို့လဲမသိ။

"တံခါးဖွင့်ပေးလိုက်ပါ ပူစူး"

"ဟုတ်ကဲ့"

တို့ရင်ထဲ ဝုန်းခနဲမြည်ဟီးကာ ဘာဆက်လုပ်ရမှန်းမသိ။

သည်နေရာလေးမှာပဲ ဆက်ထိုင်နေရမှာလား။ ဒါမှမဟုတ် သူ့ကိုသွားနှုတ်ဆက်သင့်သလား။

ချီတုံချတုံရှိနေခိုက်မှာ သူက တန်းတန်းမတ်မတ် ဝင်လာနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုကို ငုံကြည့်ကာ ပြုံးပြ၏။ တအံ့တဩလေး ငေးနေမိတာ ပြန်ပြုံးဖို့ပင် သတိမရ။ ဗို လက်ကလေးပိုက်ရင်း ရပ်ကြည့်နေမိ၏။

"ကျွန်တော် မီးတစ်ပွင့်လောက် ခဏယူချင်လို့ပါ။ အိမ်မှာ မီးကြိုးတွေ အသစ်လဲမှာမို့လို့ ရနိုင်မလားမသိဘူး"

"ရပါတယ်"

သူ့ကို မလွှဲတမ်း ငေးစိုက်ကြည့်ရင်း ပြန်ပြောဖြစ်၏။

သူက "ကျေးဇူးပဲဗျာ မောင်နေလို့"ဟု ဆိုပါသည်။

သူ့ကိုကြည့်ရတာ သူမကို စိတ်ဝင်စားပုံမရ။

သူမနှုတ်ခမ်းလေးတွေ အလိုမကျသလို စူသွားမိသည်။

"နည်းနည်းကြာမယ်၊ ပြီးမှ ဒီကြိုးလာဖြုတ်ရင်ရမလား"

"ရပါတယ်"

မြားနတ်မောင်ရေ…

လှံကိုကျိုစယ်တာလားဟင်…

ကုဋ္ဌာဗိုက အဝေးကြီးမှာ လှမ်းမြင်ကတည်းက ရင်ခုန်မြန်နေရတာ၊ မျှော်လင့်နေမိတာ။





သူနှင့်တွေ့ဆုံဖို့ ကုသိုလ်ရှိသည်။ ရေးရေစက်များလား။ ရင်ထဲမှာ မွတ်သိပ်လွန်းစွာ တမ်းတမျှော်လင့်နေမိတုန်းပါပဲ။

သူရောက်လာခဲ့တာပါ။ ရင်ထဲမှာ အရမ်းပျော်သည်။

သူ့ကို ဘာပြောသင့်သလဲ။ ဘာမေးသင့်သလဲ။

"အရမ်းအားနာပါတယ်ဗျာ၊ အခုလို မီးတစ်ပွင့် ခဏတောင်းရတာ"

"ရပါတယ်"

ဗိုက ဟန်ဆောင်မှုကင်းစွာ ပြုံးရင်း ခေါင်းခါပြမိ၏။

"မြန်းချင်းတွေပဲဟာ"

ကုဋ္ဌာဗိုစကားကို သူတစ်ချက်ပြုံးပြီးမှ လက်ထဲကိုင်ထားသော ဟဲင်းနိဖုန်းနှင့် ဘာမှန်းမသိ ပြော၏။

ခဏလေးပါပဲ။ ကောင်လေးတစ်ယောက်က ကိတ်မုန့်ဗူးနှင့် ရောက်လာ၏။

သူ ဖုန်းဆက်လိုက်တာထင်ပါရဲ့။

သူက အလကားသက်သက် အကူအညီ တောင်းချင်ပုံ



www.burmeseclassic.com

www.burmeseclassic.com



မရ။

မဆိုးပါဘူး။

“ဒါလေး လက်ခံပေးပါ”ဟု သူက ဗိုကိုပြောပြီး ပွေ့ဖူး
ကို လှမ်းပေးလိုက်၏။

ဗိုက ပန်းလေးကျွံ့ကာ ကျေနပ်သွား၏။ ဟွန်း...

သူက ကျေးဇူးအတင်မခံချင်တာ။

ကုမ္မေအောင်က ငြိမ်သက်စွာတွေးမိ၏။ သည်ဘေးခြံမှာ
ကောင်မလေးတစ်ယောက်ရှိတာ သူမသိပါလား။

“လဝန်းပြာ”လို့ မျက်လုံးစူးစူး၊ အသားဖြူဖြူကလေး
နှင့်ပါပဲ။ လဝန်းပြာလို မျက်ကပ်မှန်တော့ တပ်ရပုံမပေါ်။

‘လဝန်းပြာ’က သူ့ချစ်သူကလေးပါ။ နှစ်ဖက်မိဘက
လည်း သဘောတူထားပြီးသားပါ။

သူတို့ဘဝ အနာဂတ်က စိန်စီလမ်း။

ဖဲမွေ့ရာ...။



ကုမ္မာဗိုက တစ်ချက်မှ လှည့်မကြည့်ဘဲ လျှောက်သွား
သော သူ့နောက်ကျောကို ငေးကြည့်ကာ ရင်ထဲ ထူးဆန်းသော
ဆေဒနာတစ်ခု ဖြစ်ထွန်းလာ၏။

သူက သံယောဇဉ်ပြတ်လိုက်တာများ တစ်ချက်မှ လှည့်
ကြည့်။ ဗိုကို သူ စိတ်ဝင်စားပုံမရ။

တော်ရဲ့ ကောင်လေးတွေက ဗိုကိုမြင်လျှင် ငမ်းငမ်းတက်
ဖြစ်သွားကြတာများသည်။

သူငယ်ချင်းရွှေစင်က ပြောဖူးသည်။

‘ဗို’က နူးညံ့သော ဆွဲဆောင်မှုတစ်မျိုး ရှိသတဲ့။

အခုတော့ ရွှေစင့်စကား မှားပြီ။

ဘေးခြံက ပုဂ္ဂိုလ်လေးသည် ကုမ္မာဗိုကို ထွေထွေထူးထူး



www.burmeseclassic.com

www.burmeseclassic.com

မှတ်မိသတိပြုသွားမိပုံမရ။

ရုတ်တရက် အားငယ်သွားမိသလိုပင်။

သူ သတိပြုမိအောင် ဘယ်လိုလုပ်ရမလဲ။

ကုရှာစိုက ငြိမ်သက်စွာနှင့် စဉ်းစားနေမိသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ကို ကုရှာစို နှစ်သက်မိတာအမှန်ပါ။



"ဆက်ပြောလေဟာ"

ရွှေစင်က တိုက်တွန်း၏။

"ဒါပဲလေ"

"ဘာဒါပဲလဲ"

"ဩော်…ဒါပဲဆို ဘာပြောရမှာလဲ၊ ရှိမှမရှိတော့တာ"

"ဟင်…ဒီလောက်ကလေးပဲလား၊ ဇာတ်လမ်းက ဆန်း တင့်ငှံနဲ့"

"တကယ်ပဲ ဒါပဲ၊ နောက်ထပ်မတွေ့သေးဘူး"

"ရွှေစင်"

"ဟင်"

"နင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"မသိဘူးလေ"

"အံမယ်…မယ် မသိချင်ယောင်ဆောင်နေတယ်"

"သူငယ်ချင်းသုံးယောက်ဆိုပေမယ့် နင်နဲ့ငါက အရင်ခင်တာ"

"အင်းလေ"

"နင်နော်…မလှူကြေး"

"ဘာကိုလဲ"

"ညီထူးအပေါ် ရွှေစင့်သဘောထား"

ရွှေစင်က တအံ့တသြနှင့် သောက်လက်စ ကော်ဖီခွက်လေးကို စားပွဲပေါ်ပြန်ချထားလိုက်၏။

"နင်ရော"

"ငါလား…ငါ လုံးဝစိတ်မဝင်စားဘူး"

"သူက နင့်ကို ပရိုပို့စ်လုပ်ထားတယ်လေ"

"အဲဒါဘာဖြစ်လဲ၊ ငါမှလက်မခံသေးတာ"





"သေချာရဲ့လား၊ ခင်…မို၊ နင် သူ့ကို စိတ်ဝင်စားတာ"

"အင်း"

"ရွှေစင်က စဉ်းစားနေတယ်ထင်လို့ ငြင်းမယ်မထင်ခဲ့ဘူး"

"ငြင်းတာမဟုတ်ပါဘူး၊ ညီထူးကို သူငယ်ချင်းလိုပဲချစ်တယ်၊ ငြင်းရမှာလည်း ခံအားနာတယ်၊ ဒါပေမယ့် လက်မခံနိုင်ပါဘူး"

"မို ဘာကိုဆိုလိုတာလဲ"

"မို ဟန်မဆောင်တတ်ဘူး ရွှေစင်ရယ်"

ရွှေစင်က မျက်လွှာလေးချရင်း ငြိမ်သက်နားထောင်နေ၏။

"မို သူ့ကို ရင်မခုန်ဘူး၊ မချစ်ဘူး၊ ဘယ်လိုမှမနေဘူး"

"ဒါဆို ဟိုတစ်ယောက်ကိုတော့ ရင်ခုန်တယ်ပေါ့ ဟုတ်လား"

"အင်း"

"ရွှေစင် ယုံတောင်မယုံ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကို အကဲခတ်သလို ကြည့်နေ၏။

"အဲဒီလူက ဘယ်လို ပုံစံလဲ ချောလား"

"ဟင့်အင်း… မသိဖူးလေ"

"ညီထူး ကြားရင် ဆွေးသွားမလားမသိဘူး"

"ဘာဆိုင်လို့လဲ"

ရွှေစင်က ညီထူးကို သနားနေသည်။ တမျိုးကြီးပါလား။

"မချစ်ဘဲနဲ့ လက်မခံသင့်တာလည်း အမှန်ပဲ"

"ဗိုပြတ်သားတာမှန်တယ်"

"ရွှေစင်"

"ဟင်"

"ဗိုမေးမယ်နော်"

တည့်တည့်ဖွင့်မေးပြီမို့ ဘယ်လိုဖြေရမှန်း မသိတော့ပါ။ လျှို့ဝှက်ထိန်ချန်ထားလို့လည်း ရမှာမဟုတ်။ ဗိုကအရမ်းပါးနပ်တာ။ ရွှေစင် စိတ်ကိုသိနေပြီ။

"ရွှေစင်…ညီထူးကို ချစ်နေတယ် မဟုတ်လား"





"ဟင်"

သည်တစ်ခါတော့ ဗိုစကားကြောင့် ရွှေစင်မျက်လုံးကလေး ပြူးသွား၏။

"ဟုတ်တယ် မဟုတ်လား"

ရွှေစင်က နှုတ်ခမ်းလေးကို ကိုက်ရင်း အကြည့်လွှဲနေ၏။ ကုဋ္ဌာဗိုက ရွှေစင် ငြိမ်နေတော့ သေချာသွား၏။ ကြည့်စမ်း…ရွှေစင် ညီထူးကို ချစ်နေပါရောလား။

ညီထူး ကုဋ္ဌာဗိုကို ဖွင့်ဟပြောစဉ်ကဆို သူမဘယ်လောက်ကြေကွဲလိုက်မလဲ။ ပူလောင်နေလိုက်မလဲ။

ရွှေစင်ရယ် ဗို စိတ်မကောင်းလိုက်တာ။

ဆောရီးပါ သူငယ်ချင်းရယ်၊ တမင်လုပ်တာ မဟုတ်ဘူး။ နင်ချစ်နေမယ် မထင်လို့။

ရွှေစင်နှင့် ကုဋ္ဌာဗိုက အခင်မင်ရဆုံး သူငယ်ချင်းတွေပါ။ ရွှေစင်က မပွင့်လင်း။ မာနနှင့် ဟန်ဆောင်ထားသည်။

"အဓောကြီးကတည်းက ပြောပါလား ရွှေစင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူမှ ငါ့ကို စိတ်မဝင်စားဘဲ"

ရွှေစင်က မျက်ရည်တွေဝေ့ကာ ဆို၏။

"မငိုပါနဲ့ဘာ နင်ကလည်း ဒါ ဝမ်းနည်းစရာလား"

ဘယ်လို အားပေးရမှန်းပင် မသိတော့ပါ။

"ဝမ်းနည်းစရာပေါ့၊ နင်မှ ကိုယ်ချင်းမစာတတ်တာ"

"ဟင်း"

"ငါ အရမ်းခံစားနေရတယ် ကုဋေဗိုရယ်"

"ဒီလောက်လဲ ထိခိုက်မနေပါနဲ့"

"သူမချစ်မှန်းလည်း သိတယ်၊ သူက ဗိုကိုပဲ ချစ်တာ လည်း သိတယ်၊ ဒါပေမယ့် ငါ သူ့ကို လွယ်လွယ်နဲ့ မေ့လို့မ ဘူး"

မဟုတ်ပါဘူး၊ ဟုတ်နေရင်တောင် အခုလိုအနေအထား မျိုးမှာ မဟုတ်ပါဘူးဘဲ ငြင်းရတော့မှာပါ။ ဗို သိသည်။

"ရွှေစင့်ကို တကယ်မချစ်ဘဲလည်း သူ့ကို ဗိုအားမပေး ချင်ဘူး"





"ဟုတ်တာပေါ့"

မိန်းမချင်းမို့ ရွှေစင့်မာနကို သိပါသည်။

"ရှင် မချစ်ဘူးဆိုလို့ ရွှေစင်က ရင်ဖွင့်တာ"

ဟု ဆိုပါသည်။

"သူ့အထင်သေးမှာ မခံနိုင်ဘူး၊ ငါက ကြိုက်နေမှန်းသိ ရင် အထင်သေးမှာပေါ့၊ ရောင့်တက်မှာပေါ့"

"ဟုတ်ရဲ့လားဟယ်၊ အချစ်ဆိုတာ ဘယ်လိုကြီးလဲ"

"ညီထူးက ဘဝင်မြင့်တတ်တယ်"

"ရွှေစင်ရယ် နင်က ချစ်တယ်လည်းပြောသေးတယ်၊ ဘာတစ်ခုမှလည်း အကောင်းမမြင်ပါလား"

"သူက နင်မှနင်"

"ဟုတ်လို့လား"

"ဟုတ်တာပေါ့"

"နင် ဘယ်တုန်းက သူ့ကိုချစ်သွားတာလဲ ရွှေစင်"

"ကြာလှပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုတောင် မသိလိုက်ဘူး"

"ဘယ်သိမလဲ…ငါက တိတ်တိတ်ကလေး လျှို့ဝှက်ထားတာ၊ နင့်ကို ညီထူး ချစ်မှန်း ငါသိတာလည်း ကြာပြီ၊ သူဖွင့်မပြောခင်ကတည်းက အစောကြီးကတည်းက"

"ဟယ်"

ရွှေစင်က ညီထူးကို တစ်ချိန်လုံး အကဲခတ်နေခဲ့တာကိုး။

ကုဗ္ဗာဗိုကို သူဘယ်လောက်အထိ နာကျင်နေမလဲ။

ဗိုက တကယ် ဘာမှမသိခဲ့တာပါ။

ညီထူးကိုလည်း ရင်မှမခုန်ခဲ့ပဲဟာ။

"ငါတို့ ဖတ်(စ်)ရီးယားဖြေပြီး ညဖက် ဗိုတို့အိမ်မှာ ဒင်နာလုပ်တာ မှတ်မိလား"

"အင်း…မှတ်မိတယ်"

"အဲဒီနေ့ကပေါ့…ငါသိသွားတာ"

"အင်း"

"ငါတို့နှစ်ယောက်က ထိုင်နေတယ်၊ နင့်ဘေးမှာလည်း





ခုံလွတ်ရှိတယ်၊ ငါ့ဘေးမှာလည်း ခုံလွတ်ရှိတယ်"

"အဲဒီတော့"

"ညီထူးက ရှောက်လာတယ်"

"အဟင်း…ဗို သတိမထားမိဘူး"

"ညီထူး ဘယ်သူ့ဘေးမှာ ဝင်ထိုင်မလဲလို့ ရွှေစင် စောင့်ကြည့်နေခဲ့တယ်၊ ကုဗ္ဗာဗိုက မသိဘူး"

ဖြစ်မှဖြစ်ရလေ ရွှေစင်ရယ်။

"ညီထူးက နင့်ဘေးမှာ ဖျတ်ခနဲ ဝင်ထိုင်တယ်"

ကုဗ္ဗာဗိုက ပင့်သက်ရှိုက်လိုက်၏။

ဗို့ကြောင့် ရွှေစင် မျက်ရည်ကျခဲ့ရပြီလား။

"ရွှေစင်"

ရွှေစင့်ကို အရမ်းအားနာမိသည်။

"နောက်ထပ် ဘာကိုအကဲခတ်ဖို့ လိုတော့မလဲ၊ ရှင်းနေတဲ့အဖြေကြီးကို"

"အဲဒါတွေအားလုံးအတွက် ငါတောင်းပန်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ပါယ်''

''ဗိုနဲ့မဆိုင်ပါဘူး''

''ငါသတိမထားမိဘူး...နင်နဲ့သူ သူငယ်ချင်းဖြစ်ပြီး တော့''

''ဒါပေမယ့်ဟာ...ငါ အမြဲတမ်းပဲ ကြည့်နေခဲ့တယ်၊ ညီထူးက လေးနက်လွန်းတဲ့ ငါ့ကို အမြဲဥပေက္ခာပြုတယ်၊ ပေါ့ပေါ့ ဆဆ နင့်ကိုကျတော့ ပျာနေအောင် ဂရုစိုက်လွန်းတယ်၊ ငါနဲ့ ဆန့်ကျင်ဘက်ပဲ''

သည်ခံစားမှုတွေက ရွှေစင့်ရင်ထဲ တော်တော်ကလေး နစ်ဝင်ရှုးစိုက်နေခဲ့ပုံပါပဲ။

''ငါ ဘာလုပ်ပေးရမလဲ''

''ဟင့်အင်း...ဘာမှမလုပ်ပေးပါနဲ့''

''ဘယ်ဟုတ်မလဲ...ညီးထူးက တ၊ဂ၊ယ်မသိတာလား မသိချင်ယောင်ဆောင်နေတာလား''

''ဗိုရယ်...နင် ငါ့ကို အရှက်မခွဲနဲ့နော်''





ရွှေစင်က စိုးရိမ်တကြီးတား၏။

ကုဋ္ဌာဗိုကတော့ ညီထူးနှင့် မဖြစ်မနေ ပြောဆိုရတော့မည်။ ကိုယ့်ကို ချစ်ရေးဆိုထားတာ ပြန်ရုပ်သိမ်းခိုင်းရမည်။

နင် လူမှားနေပြီ ညီထူးရေ။

နင် ချစ်ရမှာက ရွှေစင်။

ငါ့ဖူးစာဘက်က နင်မဟုတ်ဘူး။

ငါ့ဖူးစာဘက် စစ်စစ်ကို ငါတွေ့ပြီ။

နင် ငါ့အပေါ် လက်လျှော့လိုက်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com

ရွှေစင်က နာကျင်စွာရယ်ပြီး...

"ဘာမဆို သူက နင့်ကိုဦးစားပေးတယ်"

"ဒီလောက်လည်း စိတ်ထဲမထားပါနဲ့ဟာ"

"ငါ တမင်တေးမှတ်ထားတာ မဟုတ်ဘူး"

ရွှေစင်က အမှန်အတိုင်း ဝန်ခံသည်။

"နင် မျိုသိပ်ထားတယ်နော်"

"မိန်းကလေးဆိုတာ ဣန္ဒြေရှိရမယ်၊ မိန်းကလေးတို့ ဣန္ဒြေ ရှေ့ပေးလို့မရတဲ့"

"နင်မပြောဘဲ ဘယ်လိုသိမှာလဲ"

"သူလားမသိမှာ"

ရွှေစင်က မကျေမနပ်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ချင်ယောင်ဆောင်နေတာ နိုးရခက်တယ်"

"အဲဒီလိုလည်း ဟုတ်ချင်မှဟုတ်မှာပါ"

"အလကားပါဟယ်…သူက ရွှေစင့်ဆို စိတ်ထဲမရှိပါဘူး"

"ပြီးရော…ဗို ပြောပြလိုက်မယ်"

"ဟာ…မဟုတ်တာ"

ရွှေစင် ရှက်လန့်တကြားတားသည်။

"ရှက်တယ်၊ မပြောပါနဲ့ဟယ်"

"ရွှေစင်ရယ်…နင်ကိုယ်တိုင်ပြောတာမှ မဟုတ်ပဲ၊ ငါပြောတာပဲဟာ၊ နင်မသိယောင်ဆောင်နေပါ"

"မလုပ်ပါနဲ့ဟာ…ငါ့မျက်နှာ ဘယ်သွားထားရမလဲ"

ဗိုက ရွှေစင့်ကို အားမလိုအားမရ ဖြစ်လာသည်။

"ညီထူး အလကားလူညံ့"

ဗိုက အပြတ်ရှုံချလိုက်၏။

ညီထူးရော ရွှေစင်နှင့်ကုဋ္ဌာဗိုပါ ဘွဲ့ယူသည့်နေ့က အမှတ်





တရ တစ်ညနေလုံး လျှောက်သွားပြီး ညဥ့်နက်မှ အိမ်ပြန်ရောက်ယေမယ့် နောက်တစ်နေ့မနက် ရွှေစင်တို့အိမ်မှာ တပျော်တပါး ချက်ပြုတ်စားသောက်ကြဖို့ စီစဥ်ထားကြသည်။

ရွှေစင်နှင့် ဗိုက ညီထူးအကြောင်းတွေပြောရင်း မီးဖိုဆောင်မှာ ချက်ပြုတ်ကြော်လှော်နေတုန်း ညီထူး ရောက်လာသည်။

ညီထူး ရောက်လာတော့ နှစ်ယောက်စလုံး တိုင်ပင်ထားသလို စကားရပ်နှုတ်ဆိတ်သွားတာမို့ ညီထူးက လှစ်ခနဲ ရိပ်စားမိကာ…

"ငါ့အကြောင်းပြောနေတာပေါ့ ဟုတ်လား"ဟု မေးချလိုက်၏။

"မဟုတ်ပါဘူး"

ဗိုက လေသံပျော့လေးနှင့် ငြင်း၏။

"ငါသိပါတယ်၊ ငါလာမှ စကားရပ်သွားတာ"

"စွပ်စွပ်စွဲစွဲ"

ရွှေစင်က မျက်စောင်းနှင့်ပြောတော့ ညီထူးက ဟားခနဲ



www.burmeseclassic.com

www.burmeseclassic.com

သက်ပြင်းရှိုက်ကာ…

"မဟုတ်လည်း ပြီးတာပဲ"

"ကော်ဖီသောက်မလား ညီထူး"

သူက ရွှေစင့်ကို လက်ကာပြရင်း…

"ခဏကြာမှသောက်မယ်"ဟု ဆို၏။

"ဒီနေ့ ငါတကယ်ပင်ပန်းလာတာဟာ"

"အမယ်လေး…ခုမှလာပြီးတော့"

"ခဏနားမယ်"

ရွှေစင်က ဂျာနယ်တစ်စောင် ဖတ်နေ၏။ ညီထူးက ဆိုဖာပေါ် တက်အိပ်သည်။

မိုက ဝရန်တာမှ အပြင်ဘက်ကို ငေးနေသည်။

"မို ရောက်နေတာကြာပြီလား"

"သိပ်မကြာသေးဘူး"

ကုဗ္ဗာမိုက ညီထူးဘေးနား လျှောက်သွားသည်။

"ညီထူး"





"ဟေ"

"ငါပြောစရာရှိတယ်"

"ဘာများလဲ"

မို့အသံက တကယ့်တိုးတိုးလေး။

"ရွှေစင် မကြားစေချင်ဘူး"

"ဘာအကြောင်းလဲ၊ နင်က လျှို့လျှို့ဝှက်ဝှက်နဲ့"

"ရွှေစင်နဲ့ပတ်သက်တယ် ညီထူး"

ညီထူးက မို့မျက်နှာကို ကြည့်လာ၏။ အနားမှာရှိနေသော ရွှေစင်ကြားမှာလည်း စိုး၏။

"ဘာလဲ"ဟု ညီထူးက မေးဆတ်မေး၏။

"နင် ရွှေစင့်ကိုချစ်လား"

ညီထူးက တစ်ချက်ငိုင်သွားပြီးမှ…

"ဘာလို့မေးတာလဲ"

"ညီထူးကို ရွှေစင်က ချစ်နေတယ်"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါသိလား၊ မသိဘူးလား၊ မညာနဲ့နော်"

ဗိုကို ညီထူး စေ့စေ့ကြည့်ကာ ခေါင်းညိတ်ပြ၏။

"သိတယ်"

သူခေါင်းညိတ်တော့ ဗို မျက်နှာလေးပျက်သွားရင်း…

"ဒါနဲ့များဟယ်"ဟု အံ့ဩသလိုဆို၏။

"ဗိုက ဘာဖြစ်စေချင်တာလဲ"

"နင်တို့နှစ်ယောက်ကို ချစ်သူတွေဖြစ်စေချင်တာ"

"ဘာလို့လဲ"

"ရွှေစင့်ကို အရမ်းသနားတယ်"

"ဘာလဲ…ဒါ နင် ငါ့ကိုပေးတဲ့ အဖြေလား ဗို၊ ရွှေစင်က ရင်ဖွင့်လား"

"အင်း"

"ငါ ရွှေစင့်ကို သံယောဇဉ်ရှိပါတယ်"

"ငါ နင့်ကိုမချစ်ဘူး"

အပြတ်ပြောတော့ သူ မျက်နှာပျက်သည်။





"ရွှေစင်က ငါ့ကို အပြောင်းအလဲမြန်တယ်ဆိုရင်ရော၊ အနေအထားကြီးက လှုပ်မရတော့ဘူး"

"အဲဒီလိုလည်းမဟုတ်သေးဘူး"

ဗို ပင့်သက်ရှိုက်သည်။

"ငါဘာလုပ်ရမလဲ"

ညီထူးကမေးသည်။

"ရွှေစင် ငါတို့တိုင်ပင်နေတာ"

ရွှေစင်က ညီထူးမျက်နှာကို လှမ်းကြည့်သည်။

"ရွှေစင်ရေ…သူက နင့်ကို ပရိုပို့(စ်)လုပ်မလို့တဲ့၊ လက်ခံလိုက်ပါဟာ"

ညီထူးကိုယ်စား ပြောပေးပြီး အလိုက်တသိပဲ ဝရန်တာမှ ထွက်လာခဲ့၏။

ဟိုးအစောကြီးကတည်းက သည်လိုဖြစ်သင့်တာပါ။

ညီထူးနှင့် ရွှေစင် ချစ်သူတွေဖြစ်သွားတာကို ဗိုက ဝမ်းသာအားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီထူးကို ဆုံးရှုံးသွားပြီဟု မတွေးခဲ့မိပါ။ ညီထူးလို သူမ မနှစ်သက်ခဲ့တာအမှန်။ တစ်ခါမှ ရင်မခုန်ခဲ့။



BURMESE CLASSIC .com

လေးလံနွေးထွေးသော ခြေလှမ်းများနှင့် အိပ်ခန်းထဲဝင်လာပြီး ထွန်းထားသော မီးချောင်းကို ပိတ်ပစ်လိုက်၏။

ကြမ်းပြင်ပေါ်ထိုင်ချပြီး အကြာကြီး ငြိမ်သက်နေမိသည်။ မျက်ရည်တွေက တစ်ပေါက်ချင်း ပူနွေးစွာ ကျလာ၏။

အခန်းထဲမှာ မှောင်မည်းတိတ်ဆိတ်နေသည်။ ရင်ထဲမှာလည်း မှောင်မည်းတိတ်ဆိတ်နေသည်။

ဘာမှမရှိတော့သလို ဟာတာတာကြီး။

မျှော်လင့်ချက် ရင်ခုန်သံတွေ ဆိတ်သုန်းသွားခဲ့ပြီ။

အရှုံးတစ်ခုကို ဘွားခနဲ ရင်ဆိုင်ခဲ့ရသည်။

ရင်ထဲမှာ မွန်းကြပ်နင့်နာနေသည်။

ကုဋ္ဌေအောင်ရယ်။

www.burmeseclassic.com

www.burmeseclassic.com



ယူကျုံးမရဖြစ်စွာ တမ်းတခေါ်မိသည်။

ညီထူးနှင့်ရွှေစင်ကတော့ ချစ်သူတွေဖြစ်ဖြစ်ချင်း ရည်းစား ဦးဘဝ အမှတ်တရ အပျော်တွေဝေခဲ့သည်။

မို့အတွက်သာ...။

ကုမ္မေအောင် လက်မောင်းကို ပိုင်ပိုင်နိုင်နိုင် ချိတ်ထားသော ကောင်မလေး။

သူတို့ကို မျက်နှာချင်းဆိုင် တွေ့လိုက်ရတော့ ရင်ထဲ မီးလိုပူသည်။

သူကတော့ မို့ကို မမှတ်မိပါ။

ရုပ်ရှင်ရုံမှာ တွေ့ခဲ့တာ။

"ဂို...ဘာဖြစ်လို့လဲ၊ မျက်နှာမကောင်းပါလား" ဟု ရွှေစင်က သတိထားမိကာ မေး၏။

"ဟင့်အင်း...ဘာမှမဖြစ်ပါဘူး"

ဖြစ်နိုင်လျှင် လှည့်ပြန်ချင်ပါပြီ။ ရုပ်ရှင်လက်မှတ်ကလည်း ဝယ်ထားပြီးသား။





တော်ကြာ တစ်ခုခုဆို ရွှေစင်က တစ်မျိုးထင်မှာ၊ မို့ကြောင့် သူတို့ကို အနှောင့်အယှက် မဖြစ်စေလိုပါ။

ရင်ထဲမှာ တဆစ်ဆစ် ကြေကွဲနာကျင်စွာ အဝေးဆုံးကို ထွက်ပြေးချင်သည်။

ကုမ္မေအောင်က သူ့ကောင်မလေးကို အရမ်းဂရုစိုက်နေသည်။

သူတို့လက်ထပ်ဖို့အထိ ရည်ရွယ်ထားကြပြီလား။

မို့ ပြင်းပြင်းထန်ထန် သိချင်လာသည်။

"ဟဲ့...စကားပြောဦးလေ"

"ရွှေစင်ရယ်...ပြောပါတယ်"

"ဟုတ်သားပဲ...နင်က တစ်ယောက်တည်းဖြစ်သွားပြီဆိုပြီး ငါတို့ကို အသံတိတ် ဆန္ဒပြနေတာလား"

"မဟုတ်ပါဘူး"

ကုမ္မေအောင်က သူ့ကောင်မလေးကို ရေခဲမုန့် ခွံ့ကျွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်စိရှေ့ရှိနေတာမို့ မကြည့်ဘဲလည်း နေလို့မရ။

ဖြစ်နိုင်လျှင် ဗို အော်ဟစ်ငိုပစ်လိုက်ချင်သည်။

ဗို အိပ်မက်နုနုညှို့ညှို့ကလေး ပျက်စီးသွားရပြီ။

သူမှာ ဘာလို့ ချစ်သူရှိနေရတာလဲ။

ဟင့်အင်း…ဗို နောက်မဆုတ်ဘူး၊ ဘယ်တော့မှ နောက်မဆုတ်ဘူး။

နှုတ်ခမ်းလေးကိုက်ကာ ဆုံးဖြတ်မိသည်။

ရင်ထဲ ဗလောင်ဆူနေသည်။

ဘယ်လိုမှ မကျေနပ်နိုင်။

"ညီထူးရေ ဗို ဘာဖြစ်နေလဲမသိဘူး"

ရွှေစင်က အလယ်မှာထိုင်တာမို့ တစ်ဘက်လှည့်ပြီး ညီထူးကို ပြော၏။

ရွှေစင်ပြောလိုက်တာကို ကြားသည်။

ဘာပဲဖြစ်ဖြစ် သူတို့က သည်နေ့မှ ချစ်သူတွေဖြစ်သွားကြတာ။





တစ်မျိုးတမည်ထင်သွားရင် မကောင်း။

"ဗို"

"ဟင်"

"အိမ်ပြန်ချင်လား"ဟု ညီထူးက မေးလာ၏။

"ငါပြန်သွားရင် ဖြစ်တယ်မဟုတ်လား၊ နင်တို့ကြည့်ကြပါ"

"အတူတူပြန်မယ်လေ"

"ငါတစ်ယောက်တည်း ပြန်ပါရစေ"

သူတို့ကိုထားရစ်ကာ ဖြတ်ထွက်လာခဲ့သည်။

အိမ်ရောက်တော့လည်း ဝေဒနာက လျော့မသွား။

ဗို အံကြိတ်ထားရင်း တင်းနေသမျှစိတ်တွေကို လျှော့ချပစ်လိုက်ပါသည်။

ရှိပါစေတော့။

ဒါဟာ ဘယ်လိုဝဋ်ကြွေးများလဲ။

သူမှာ ချစ်သူရှိနေတာ ဗို သိခဲ့ပြီးပြီမို့ မနက်ဖြန်ကစပြီး



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ကြိုးစားမေ့ထားရတော့မည်။

မေ့ပစ်လိုက်တော့မည်ဟု တွေးရုံနှင့် နှလုံးသားက တဆစ်ဆစ် နာသည်။ တဆတ်ဆတ်နာသည်။ ဗို ဘယ်လိုလုပ်ရမလဲ။



"ဒါဆို ဒေါ်လေးယုက ဟိုမှာလိုက်နေမှာပေါ့နော်"

သူမ ဝမ်းနည်းစွာ မေးမိသည်။

"ဟုတ်တယ် သမီးရဲ့"

"ဒီအိမ်ကြီးကိုရော"

"ငှားခဲ့မယ်လေ"

သွားပါပြီ။ လုံးဝဝေးသွားပြီ။

တစ်ခါတလေ သတိရလို့ သွားကြည့်ချင်ရင်တောင် ကြည့်ခွင့်မရှိ။ ဒေါ်လေးယုတို့က ဦးခန့် စိုက်ခင်းထဲမှာ အိမ်ပြီးပြီမို့ ပြောင်းနေကြတော့မှာပါ။

ငါးကန်တွေလည်းရှိ၊ တိရစ္ဆာန်ဆရာဝန်လည်း အဆင်သင့် ခေါ်ထားတော့ ဒေါ်လေးယု၏ အိမ်မွေးတိရစ္ဆာန်လေးတွေအတွက်

www.burmeseclassic.com

www.burmeseclassic.com



ငွေစရာမဲ့လို့။

"အပင်တွေ ဘယ်လိုလုပ်မလဲဟင်"

"သစ်ပင်ပန်းပင်တွေကိုတော့ အခုလိုပဲ ဉယျာဉ်မှူး လာကြည့်ပေးလိမ့်မယ်"

"ဪ"

"ဘာလဲ…ဗိုက အိမ်ငှားတင်ခဲ့မှာ မကြိုက်လို့လား"

"မဟုတ်ပါဘူး၊ ကြိုက်ပါတယ် ဒေါ်လေး"

လူကြီးတွေအစီအစဉ်ကို ဝင်ရောက်မစွက်ဖက်ချင်။

"အခုတလော ဗိုကိုကြည့်ရတာ ဒေးဒေးငိုင်ငိုင် လေးလေးမှိုင်မှိုင်နဲ့၊ ဘာလဲ ချစ်သူရှိနေပြီလား"

ဒေါ်လေးယုယက စူးစူးစမ်းစမ်း မေးလာ၏။

ကုမ္ဗာဗိုက ပင့်သက်ဖွဖွရှိုက်သည်။

"သမီးသူငယ်ချင်းနှစ်ယောက်ကို ဒေါ်လေးယု တွေ့ခဲ့တယ်၊ အစက ဟိုကောင်လေးက ဗိုကို ကြိုက်နေတယ်လို့ ဒေါ်လေးထင်တာ"





ဒေါ်လေးယုက ညီထူးနှင့် ရွှေစင့်ကြောင့် ဗို ခံစားနေရသည်ထင်သလား။

ထင်မယ်ဆိုလည်း ထင်လောက်ပါရဲ့။

သူတို့ချစ်သူတွေ ဖြစ်သွားချိန်မှပဲ ဗိုက ကုဋ္ဌေအောင်မှာ ချစ်သူ နိုင်နိုင်မာမာ ရှိတာ သိရတော့တာ။

ဟင်း…ဘယ်လိုရှင်းပြရမလဲ။

မဟုတ်ဘဲနှင့် အထင်မလွဲစေချင်။

ညီထူးက ထာဝရသူငယ်ချင်းပါ။

"ဒေါ်လေးယု"

"ပြောလေသမီး၊ သမီး ဘာလို့ တမှိုင်မှိုင် တငိုင်ငိုင် ဖြစ်နေရတာလဲ၊ ဘာအဆင်မပြေလို့လဲ"

သိချင်လှစွာ မေးလာ၏။

"ညီထူးက သူငယ်ချင်းပါ ဒေါ်လေးရယ်၊ ဗို သူ့ကိုရင်ခုန်ဖို့ အဝေးကြီး၊ လုံးဝရိုးရိုးသားသားပါ"

"ဒါဆို…"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ချစ်သူရှိနေပြီ ဒေါ်လေး"

"ဟောတော့"

ဒေါ်လေးယုက ဝမ်းလည်းသာ အံ့လည်းဩရင်း…

"ဘယ်သူလဲသမီး၊ ဘယ်ကလဲ" ဟု မေးလာတော့သည်။ ကုဋ္ဌေမို ပြန်ဖြေရတော့သည်။

"ဒေါ်လေးယု စီစဉ်ပေးမှာပေါ့"

အဲဒီလောက်မလွယ်လို့ပါ ဒေါ်လေးရယ်။

"ပြောလေ…သမီးကောင်လေးက ဘယ်သူလဲ"

"နောက်မှပြောပါရစေ"

"သမီးရယ်…ဒါမျိုးဆိုတာ ကြိတ်မခံစားရဘူး"

ဖွင့်ပြောလိုက်လျှင် ဒေါ်လေးယုက နောက်ဆုတ်ဖို့ပဲ ဖျောင်းဖျမှာမဟုတ်လား။

သူများစုံတွဲကြားကို ဝင်စေချင်မှာမဟုတ်။

မို သိပြီးသားပါ။ တားမယ်၊ နှစ်သိမ့်မယ်၊ အားပေးမယ်၊ လက်လျှော့နိုင်းမယ်။





အဲဒါတွေအားလုံး ကြိုးစားကြည့်နေပါတယ်။

မရလို့…

မရလို့ခက်နေတာ။

ရင်ထဲမှာ အလိုလိုငိုချင်မိသည်။

တစ်ခါမှ မဖြစ်ပေါ်ဘူးသော ရင်ထဲက အချစ်ပန်း။

ထိုအချစ်ကို မို တန်ဖိုးထားမြတ်နိုးသည်။ လတ်ဆတ်နူးညံ့သော အချစ်ကို ပျော်ပျော်ရွှင်ရွှင် ဖူးပွင့်လာစေချင်သည်။ ညှိုးနွမ်းစေချင်။ မပျက်စီးစေချင်။ အခုဟာက ပျက်စီးညှိုးနွမ်းနှင့် ဖြစ်ခဲ့ပြီ။

ရင်ခုန်မိသော ယောကျ်ားသားမှာ ချစ်ဦးသူမိန်းကလေး ရှိနှင့်နေပြီ။

သို့ပေမယ့် ခြေလှမ်းတွေက နောက်ဆုတ်မရ။ တစ်လှမ်းချင်း တစ်လှမ်းချင်း မောပန်းစွာ ရှေ့တက်နေသည်။ ခေါင်းထဲမှာ တစ်ချိန်လုံး တွေးနေမိတာက ဘဝကြင်ဖော် ဖြစ်ခွင့်မရရင်တောင် သူငယ်ချင်းမိတ်ဆွေ ဖြစ်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုဗ္ဗာမိုဆိုသော မိန်းကလေးကို သူသိစေချင်သည်။ သူနှင့် ရင်းနှီးချင်သည်။

သည်ထက်ပိုပြီး ဘာမှမလိုချင်။

ငရဲကြီးမှာ ဝဋ်လည်မှာကို ကြောက်သည်။

"သမီး"

"ရှင်"

"ကိစ္စရှိရင် ဒေါ်လေးယုဆီ ဖုန်းဆက်လိုက်လေ၊ ကြား လား၊ ဒေါ်လေး အားလုံးကူညီမယ်"

"ဟုတ်ကဲ့"

ကျေးဇူးကမ္ဘေကုဗ္ဗာပါ ဒေါ်လေးယုရယ်...။

မို့ကို ဂရုစိုက်တဲ့အတွက်။

ကုဗ္ဗာမိုက မျက်ရည်တွေသုတ်ပြီး ညီထူးဆီ ဖုန်းဆက်သည်။ သူ့ဘေးနားကို မို ရောက်အောင်သွားမည်။

မိုကတော့ နာမည်ကလေးနှစ်ခု အတွဲညီတာကို ဖူးစာရှင်တွေပါပဲလို့ ရူးသွပ်စွာ စိတ်ကူးယဉ်ခဲ့မိတာ။

ခုတော့ အကြီးအကျယ် မှားသွားပြီ။

တကယ်ဆို ဘာမှ ပုံသေတွက်လို့မရနိုင်။

သူ့ကို မြင်မြင်ချင်း ကိုယ့်ဖူးစာရှင်ပါပဲဟု ယူဆထင်မြင်မိတာ လုံးဝလွဲသွားပြီ။

သည်လွဲမှားမှုက မို့ နှလုံးသားကို ညှိုးငယ်စေသည်။ ကိုယ့်ကိုယ်ကို မယုံမရဲဖြစ်မိသည်။

စိတ်ထဲမှာ ဘာယ်လောက်ပဲ တင်းထားတင်းထား မို ရှုံးသွားပြီဆိုတာ ညာလို့မရ။





www.burmeseclassic.com

www.burmeseclassic.com

မို့စကားတွေကို ညီထူးက ခေါင်းယမ်းသည်။ ဒေါသဖြစ်စွာ မျက်နှာကြီး ရဲတက်လာရသည်။

"ဗိုဲ ဆုံးဖြတ်ပြီးသား ညီထူး"

"အဓိပ္ပါယ်မရှိတာဟာ"

သူက စိတ်ပျက်သလို ကြည့်၏။

"အဲဒီကုမ္ပဏီမှာ အလုပ်ဝင်လုပ်ချင်တယ်"

"ခေါင်းမာလိုက်တာ မိုရာ"

"နင်ကူညီမလား၊ မကူညီဘူးလား"

"သိချင်တာသိရမှ ငါကူညီနိုင်မယ်"

"ဘာသိချင်တာလဲ"

"ဘာလို့ အဲဒီမှာအလုပ်လုပ်ချင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါစိတ်ဝင်စားလို့ပါဆို"

ဗိုက ခပ်ဆတ်ဆတ်ပြန်ပြောသည်။

ညီထူးက စကားမပြောတော့ဘဲ ဗိုကို မမြင်ဘူးသလို ငေးစိုက်ကြည့်နေတော့သည်။

"ကဲပါဟာ…အဲဒီကုမ္ပဏီမှာ အလုပ်ရနိုင်မရနိုင် ငါစုံစမ်းပေးမယ်ဟာ"

"ကျေးဇူးပဲ"

"ညီထူး"

"ဟင်"

"နင်…ရွှေစင်နဲ့ ချစ်သူဖြစ်ရတာ ပျော်ရွှင်ကျေနပ်နေတယ်မဟုတ်လား"

ညီထူးက ဆတ်ခနဲဖြစ်သွားပြီးမှ ဗိုကို စူးစူးစမ်းစမ်းကြည့်သည်။

"ဗို…ငါနဲ့ရွှေစင့်ကြောင့် နင် ခံစားနေရသလား"

ဗို မျက်နှာလေးက မချိုမချဉ်နှင့် ဘာပြောရမှန်းမသိဖြစ်သွား၏။





"ပြောလေ"

"ထင်ရာတွေ လျှောက်မေးမနေနဲ့၊ ငါက နင့်ကြောင့် ခံစားနေရတာမဟုတ်ဘူး"

ဒေါသနှင့် အားမနာတမ်း ပြောချပစ်တော့သည်။

"မသိဘူးလေဟာ…ငါတို့ကြောင့် နင် အခုလိုမှိုင်တွေ စိတ်ညစ်နေတာလားလို့"

"လုံးဝမဟုတ်ဘူး"

ဗိုကို နားလည်ဖို့ မကြိုးစားစမ်းပါနဲ့ ညီထူးရယ်။

မျက်လွှာလေးချရင်း ငေးနေလိုက်မိသည်။

"ငါ…နင့်ဆီဖုန်းဆက်မယ်"

"အင်း"

အခွင့်အရေးက သည်တစ်ခုပဲရှိတာ။ ဘာကြောင့်မှ အဆုံးရှုံးမခံနိုင်ပါ။

သူ့နားမှာ ခင်မင်ရင်းနှီးစွာ ခဏနေချင်သည်။

သည်လိုနှင့်ပဲ ဗို သူ့အနားကို ရောက်လာခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com

ညီထူးက ဘာမှန်းမသိဘဲ ကူညီပေးခဲ့တာပါ။

ရွှေစင်က တစ်စွန်းတစ်စ သိနေပေမယ့် ညီထူးကို မပြောဖို့ ဗိုက ဝိတ်ထားတာမို့ အသိမပေးခဲ့ပါ။

ရွှေစင်က နည်းနည်းသိနေတော့ ညီထူးနှင့် ဗိုကို အရမ်းကြီး သဝန်မတိုတော့ပါ။



"ကုဗ္ဗာဗို...ပင်ပန်းသွားပြီလား"

"အဟင်း"

သူမ မဖြေဘဲရယ်တော့...

"ကိုယ်ကတော့ ရိုးနေပါပြီ"ဟု ဆို၏။

"အလုပ်ကိစ္စရှိသေးလို့လား"

"အင်း...ရှိတယ်၊ ဒါပေမယ့် အိမ်ပြန်ရေချိုးပြီးမှပဲ ဆက်နိုင်မယ်"

"ဩော်"

ကုဋ္ဌေအောင်က ဗိုကိုတစ်ချက်ကြည့်ကာ...

"လဝန်းဆီ သွားမလို့ပါ၊ ကြုံမှ မိတ်ဆက်ပေးရမယ်"

သူ့စကားကြောင့် ကုဗ္ဗာဗိုရင်ထဲ တင်းကြပ်သွားရသည်။


www.burmeseclassic.com

www.burmeseclassic.com



သူကသာ အပြုံးမပျက် ပြောနိုင်တာ၊ သည်စကားက သူမကို နာကျင်ချောက်ချားသွားစေသည်။

ရက်စက်လိုက်တာ။

သွေးအေးအေးနဲ့ ပြောထွက်တယ်။

ရင်ထဲ အဆမတန် နွမ်းနယ်မွန်းကြပ်သွားရသည်။

ယွက်ကျုံးမရ ကြေကွဲသွားမိသည်။

ဆုံးရှုံးမှုကို ဘွားခနဲမြင်ရသလို တုန်လှုပ်ချောက်ချားသွားသည်။

ဗိုး သူ့ကို တော်တော်နှင့် စကားမပြောနိုင်တော့ပါ။

ရင်ထဲ ဘာမှမရှိတော့သလို လှိုက်ဟာနင့်မောသွား၏။

"ကုရှာဗိုး"

သူက ခပ်တိုးတိုးခေါ်ရင်း စေ့စေ့ကြည့်လာသည်။

"ဒီနေ့ ပင်ပန်းသွားပြီ"

"ရပါတယ်"

အက်ကွဲနေသော အသံလေးက ရှုပ်ပျက်ဆင်းပျက် အရုမ်းသိသာနေပြီလား။

"ဆောရီးကွာ…ကိုယ်မတရားခိုင်းသလို ဖြစ်သွားပြီ"

လွဲနေပြီ ကုရှေ့အောင်ရယ်။

နာတာက ရင်ထဲမှာ။

သူ့ဘက်ကို မျက်လုံးလေးရွှေ့ကြည့်မိသည်။

သူကတော့ ချစ်သူရှိတော့ ဘဝက ပြီးပြည့်စုံပြီး အင်အားသစ်တွေနှင့် လန်းဆန်းတက်ကြွနေမယ်ဆိုတာ မှန်းဆတတ်ပါသည်။

ဗိုးမှာသာ ဝေဒနာတွေက တစ်နေ့တခြား များပြားလာကာ တစ်နေ့လုံးလည်း အလုပ်တွေပင်ပန်း၊ အိမ်ပြန်ရောက်တော့လည်း အတွေးထဲမှာ မနောလိုစိတ်၊ ယွက်ကျုံးမရစိတ်နှင့် နှလုံးသားတစ်ခုလုံး နာကျင်ထိခိုက်နေရတာ အိပ်မက်ဆိုးများနှင့် နိုးတစ်ဝက် အိပ်တစ်ဝက် ရင်မှာ အရှုံးတစ်ခုနှင့် ယောင်ချာချာရှိနေရတာပါ။

ဗိုး ကံမကောင်းလိုက်တာ။

ဘယ်လိုများ ဖြေသိမ့်ရမလဲ။

ကုရှင်ကို ခေါင်းမီးကာ ငြိမ်သက်နေလွန်းသော ကုရှာဗိုးကို





www.burmeseclassic.com

www.burmeseclassic.com



သူ ကရုဏာသက်သွားမိသည်။ သူ အရမ်းများ နိုင်းမိသလို ဖြစ်သွားပြီလား။

သူမ မျက်နှာလေး နွမ်းဖျော့ကာ အားပင်မရှိ။

သူမကို တစ်ခုခုဝယ်ပေးချင်သည်။ ဆိုင်တစ်ဆိုင်ဆိုင်မှာ သူမကြိုက်တတ်တာ ကျွေးချင်သည်။ သူမက ကိုယ့်အပေါ် တကယ်တာဝန်ကျေသည်။

"ကုရှာမို"

"ရှင်"

"မနက်ဖြန်နားချင်နားလေ"

"ရပါတယ်"

အစကတည်းက ပေးဆပ်ခြင်းသက်သက်နှင့်ပါ။

ဝေ့ဝဲတက်လာသော မျက်ရည်စတွေကို မျက်တောင် တဖျပ်ဖျပ်ခတ်ရင်း ရအောင်ထိန်းထားမိသည်။

မိုးလင်းလာလျှင် သူ့မျက်နှာကို အရင်ဆုံးမြင်ချင်သူက မလာဘဲနေနိုင်ပါ့မလား။





အဲဒါတွေကို ကိုယ်ပဲသိပါသည်။

နှုတ်ခမ်းလေးကို ဖိကိုက်ထားရသည်။

အံ့ရှုံးတွေနှင့် နောက်ဆုတ်ချင်။

ဟင့်အင်း…ဘယ်တော့မှ နောက်မဆုတ်ပါဘူး။

မို…ကုဇွေအောင်ကို ပိုင်ဆိုင်ချင်တယ်။

အတွေးတွေနှင့် ပူလောင်ပြင်းထန်လာရပြန်သည်။

အကြောင်းစုံသိသွားရင် မို့ကို သနားသွားမှာပါ၊ ပြတ်သား နိုင်မှာမဟုတ်ပါဘူး။ သူ့ရင်ခွင်ထဲမှာ နားခိုချင်တယ်။

"ရောက်ပြီလေ၊ ဆက်ပြီး တွေးနေဦးမှာလား"

သူက ငေးစိုက်ကြည့်ရင်း မို ကားထဲကဆင်းမည့်အချိန် ကို စောင့်နေ၏။

ဖြစ်နိုင်ရင် မဆင်းချင်ပါ။

နှလုံးသားတွေ ကြွေမွကုန်ပါပြီ။ တစ်စစီတစ်စစီ လွင့်စင် ကုန်ပါပြီ။

"သွားမယ် ကုရှာမို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူက ခေါင်းတစ်ချက်ညိတ်ကာ ကားလေးကို ညင်သာစွာပဲ မောင်းထွက်သွားသည်။

ဗိုဟာ သူ့ဘဝအတွက် ဘာမှမဟုတ်ပါလား။

သို့ပေမယ့် သူက ဗိုအတွက်တော့ အထူးခြားဆုံး လူတစ်ယောက်ပါ။

လေးလံသော ခြေလှမ်းများနှင့် လျှောက်လာခဲ့၏။

လက်တွေ့ကျတော့ ဖွင့်ဟဝန်ခံလိုက်ဖို့ တွေဝေတွန့်ဆုတ်လွန်းပါသည်။

သူမဟာ မာနရှိပြီး အရှက်အကြောက်ကြီးလွန်းတဲ့ မိန်းကလေးပါ။

ခံစားမှုအားလုံးကို ထိန်းချုပ်ထားမိဦးမှာပါ။

ရင်ထဲကအချစ်ကို သိခွင့်ရမှာမဟုတ်ဘူး။

လျှို့ဝှက်သိုသိပ်စွာ နေမယ် ကုဋ္ဌေအောင်ရယ်။

ဘယ်တော့မှ ဖွင့်မပြောဘူး။



အိမ်ရောက်တော့ အိပ်ရာထဲ ခွေနေမိသေးသည်။ ခဏကြာမှ ရေချိုးအဝတ်အစားလဲကာ စည့်ခန်းကို ဆင်းလာမိသည်။

ညီထူးက ဖုန်းဆက်ထားသည်။

သူရောက်လာမှာမို့ စောင့်နေလိုက်သည်။

ညီထူးက ခါတိုင်းထက် ဗိုချောလာသလိုပါ။

"ဗို…နင် အဆင်ပြေရဲ့လား"

"အင်း"

တွေ့တွေ့ချင်းပဲ ညီထူးက အကဲခတ်ပြီး အားမရသလို ပြောသည်။

"နင်က စတိုင်လ်တွေ မလိုင်တွေနဲ့ပါလား"

ညီထူးက ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေစင်ဆီသွားမလို့၊ မို လိုက်မလား"

"ဟင့်အင်း"

စဉ်းစားမနေဘဲ ခေါင်းယမ်းတော့...

"အားမနာတတ်ပါလား"

"နင်တို့စုံတွဲကြား ငါက မနှောင့်ယှက်ချင်ပါဘူးနော်"

"သူငယ်ချင်းတွေပဲဟာ နင်က စိမ်းလိုက်တာ"

"သွားပါဟာ၊ ငါမလိုက်ချင်လို့ပါ"

"ငါတို့သုံးယောက် မဆုံဖြစ်တာကြာပြီ"

သူ့ကို အားတုံ့အားနာ ပြုံးပြမိရင်း...

"ငါ ဒီနေ့ အရမ်းပင်ပန်းနေလို့ပါဟယ်"ဟု ညည်းမိသည်။

ညီထူးက မို့ကိုကြည့်ပြီး ငြိမ်သွားသည်။

"ဒီလောက်လည်း နင် စိတ်မကောင်းဖြစ်မနေပါနဲ့"ဟု ဆို၏။

ညီထူးက သူ့မခံစားချက်ကို နားလည်နေပုံပါ။





မို နှုတ်ခမ်းလေးတွန့်ရုံ ပြုံးမိ၏။

"ဆွေးမနေနဲ့၊ လာ...လိုက်ခဲ့၊ အားလုံးမေ့ထားလိုက်၊ အလကားသက်သက် ဝေဒနာတွေစာဖွဲ့နေတယ်"

"မလိုက်ချင်ဘူးဟာ"

"နင်ကလည်းဟာ သူ့မှာရည်းစားရှိတာ သိပြီးသားပဲဟာ"

"ဒါတော့ ဒါပေါ့"

"မလွယ်ဘူး"

ညီထူးက မသက်မသာ ရေရွတ်သည်။

"ကဲပါ အဝတ်အစားသွားလဲတော့"

"ငါဘယ်မှမသွားချင်ဘူး"

"တကယ်လား"

ညီထူးက စေ့စေ့ကြည့်ကာ မေးလာ၏။

"ငါလည်းမသွားတော့ဘူး၊ မိုနဲ့စကားပြောမယ်"

"မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေစင့်ကို လာမယ်လို့ ငါကတိပေးမထားပါဘူး"

"သူစိတ်ဆိုးမှာပေါ့"

"ငါမကြောက်ပါဘူး"

"ညီထူးရယ်…ငါက ငါ့ခံစားမှုတွေ ဖွင့်ဟနေမိမှာဟဲ့"

"ရပါကယ်"

"နင် နားမညည်းဘူးလား"

"ဒါဆို တခြားစကားပြောပေါ့ဟာ"

"နင့်ကို တစ်ခုခုကျွေးမယ်"

"တကူးတကမလုပ်ပါနဲ့"

သူက တကယ်ပဲ ဗို့အပေါ် နားလည်ပေးနိုင်သည်။

"ညီထူးရေ"

"ပြော"

"ရွှေစင် ခုတလော ဖုန်းမဆက်ဘူး"

"ဘာလို့လဲ"

"အဟင်း…ရွှေစင်က ဗို့ကို တမင်အဆက်အသွယ် ဖြတ်





ချင်တာလားမသိဘူး၊ သူက ညီထူးကို နှမျောတွန့်တိုတယ်လေ"

"သဝန်တိုတာတော့ အလွန်အမင်းပဲ"

"ကောင်းတာပေါ့၊ ဒါမှ နင်ငြိမ်မှာ"

"ငါမလွှပ်ရဲဘူးဟာ"

"နင်နော်…ရွှေစင် စိတ်ဆင်းရဲအောင် လုပ်ချင်လို့လား"

"မဟုတ်တာ၊ ငါတို့လက်ထပ်ဖို့အထိ ရည်ရွယ်ပြီးသား

ပါ"

ဗို မချိပြုံးလေးနှင့် ခေါင်းညိတ်မိသည်။

"ဝမ်းသာပါတယ်ဟာ၊ Congritulation ပါ"

ဗိုက ညီထူးကို ထားရစ်ကာ ထွက်လာခဲ့သည်။

သူ့ရှေ့မှာ ဝမ်းနည်းပက်လက် မဖြစ်ချင်၊ ဟန်ဆောင်ထိန်းထားပေမယ့် မျက်ရည်က အလိုလိုကျသည်။

ညီထူးက ခပ်ဖြည်းဖြည်း ထလျှောက်လာသည်။

နှစ်ယောက်သား ဒန်းကလေးပေါ် ထိုင်မိ၏။

"ငါ ဘာလုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ငါ့ကံနဲ့ ငါပါဟာ"

ဗိုဘေးမှာ ညီထူးက ဝင်ထိုင်သည်။ သူ့ကို ဗို လှည့်မကြည့်မိပါ။

"ညီထူး"

ကုမ္မာဗို၏ မျက်လုံးလေးများက ဆွေးရီရီ ငေးရီရီ။

"ရွှေစင့်ကို နင် နှစ်နှစ်ကာကာ ချစ်လားဟင်"

"အင်း"

"ငါမယုံရဲဘူး"

"နင်မယုံလည်း ကိစ္စမရှိဘူး၊ ရွှေစင်ယုံဖို့ပဲ"

ဗိုက ခြောက်ကပ်စွာရယ်သည်။

ညီထူးက ပခုံးတွန့်သည်။

"အချစ်ဆိုတာ ပေးဆပ်ခြင်းလား၊ ရယူပိုင်ဆိုင်ခြင်းလား၊ အချစ်ဆိုတာ အေးမြခြင်းလား၊ ပူလောင်ခြင်းလား"

ပြောပြီး ဗိုက ဟက်ဟက်ပက်ပက်ကလေး ရယ်ချသည်။

"မဟုတ်သေးဘူး၊ အချစ်ဆိုတာ ဝဋ်ဆင်းရဲ ရုန်းမထွက်





ချင်တဲ့ဒုက္ခ"

ညီထူး တော်တော်စိတ်ပျက်သွားပုံရသည်။

"နင်က အတွေးများလွန်းတယ်"

သူတို့နှစ်ယောက် စကားတွေ ပြောနေတုန်းမှာပဲ မထင်မှတ်စွာ ရုတ်တရက် ရောက်လာတော့ သူတို့ ကြောင်အမ်းသွားရ၏။

"ရွှေစင်…နင် ငါ့ကိုမှတ်မိရဲ့လား"

"အံမယ်…ငါကမေးရမှာပါ"

"ငါက မအားလို့ပါရွှေစင်ရယ်"

ဗိုက ရွှေစင့်အတွက် နေရာထပေးသည်။

"ထိုင်လေ ရွှေစင်"

ညီထူးက ရွှေစင့်လက်ဖျားကလေးကို ဆွဲယူဖျစ်ညှစ်၏။

ဗို မမြင်သလို မျက်လုံးလွှဲကာနေရင်း ပန်းပင်တွေပဲ ငေးနေလိုက်သည်။

"ညီ ရောက်နေတာ ကြာပြီလားဟင်"

"ခုနလေးတင်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေစင့်ဆီတော့ မလာကြဘူး"

"ဗိုကိုခေါ်မရလို့ ရအောင်ခေါ်နေတာ"

ညီထူးစကားကြောင့် ရွှေစင်က ဖျတ်ခနဲကြည့်လာသည်။

"ညီထူးနော်၊ မဟုတ်တဲ့နဲ့"

ကုမ္ဗာဗို မလုံမလဲလေး ဖြေရှင်းရသည်။

"ထားပါတော့၊ ဗို အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"အင်း"

"ငါပြောစရာရှိတယ် ဗိုရဲ့"

"ဘာများလဲ"

"ငါတို့ တစ်ခုခုလုပ်ရအောင်၊ ဆိုင်ဖွင့်တာပဲဖြစ်ဖြစ်"

"သဘောလေ၊ ကောင်းသားပဲ"

"ကုမ္ဗာဗို…နင်လည်း ရှယ်ယာပါရမှာနော်"

"ဘယ်တော့လောက်စမှာလဲ"

"သိပ်မကြာတော့ဘူး"

"အင်းလေ…ရှယ်ရမယ်ဆိုလည်း ရှယ်တာပေါ့"





"အင်း"

"ဒါပေမယ့် ငါ ချက်ချင်းမအားသေးဘူး၊ အလုပ်ရှိသေးတယ်"

"အလုပ်ထွက်လိုက်ပေါ့၊ မရေရာတဲ့အလုပ်များ"

"မဖြစ်ဘူး"

"ဘာလို့လဲ"

"လုံးဝပဲ၊ ငါ အဲဒီအလုပ်က မထွက်နိုင်ဘူး၊ သူ့အတွင်းရေးမှူးမလေး ပြန်လာတဲ့အထိ"

ရွှေစင်က မျက်စောင်းရွယ်ရင်း…

"ကြီးကျယ်လိုက်တာဟယ်"

"ငါကတိပေးပြီးသား"

"ဟူး…နင်ဟာလေ အဲဒီလူနဲ့ပတ်သက်ရင် မုန်းစရာကောင်းလာပြီ၊ သူ့ကို နင့် ကျောခိုင်းလိုက်သင့်ပြီ"

"ဘာလို့လဲ"

"သူက ကိန်းခန်းကြီးတယ်၊ ရည်းစားရှိပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့ဟယ်"

"နှင့်ကိုကြည့်ရတာ အဲဒီလူကို ငါတို့ပြဿနာရှာချင်လာပြီ"

ညီထူးက စိတ်မရှည်တော့ဘဲ ထအော်သည်။

"အမယ်လေး မလုပ်ပါနဲ့"

ကုဋ္ဌာမိုက မျက်လုံးကလေးပြူးကာ တားသည်။ ရွှေစင်က ညီထူးပခုံးစွန်းကို ခေါင်းလေးနှင့်တိုက်ပြီး တခစ်ခစ်ရယ်ရင်းနေသည်။

"မို လန့်သွားပြီ"

သူတို့ကိုကြည့်ရတာ ကြည်နူးစရာ။

ကုဋ္ဌာမိုလည်း အဲဒီလို ပျော်ဖူးချင်သည်။ ပျော်ခွင့်ရချင်သည်။

"နှင် ငါတို့နဲ့ အလုပ်အတူတူလုပ်ပါဟာ"

"အေးပါဟယ်...ငါက မလုပ်ဘူးပြောလို့လား"

ရွှေစင်က ခုမှကျေနပ်သွားသည်။





"မောင်"

"ဟင်"

ရွှေစင်ကခေါ်တော့ ညီထူးက ထူးသည်။

"ငါတို့ ကာရာအိုကေဆိုရအောင်"

"ကောင်းပြီလေ၊ ဆိုကြတာပေါ့"

သုံးယောက်သား karaoke ဆိုဖို့ ထွက်ခဲ့ကြသည်။

သူတို့စုံတွဲနှင့် ကခုန်သီချင်းဆိုရင်း အရာရာကို မေ့လျော့ကာ ပျော်ရွှင်လာမိပါသည်။

"ဟဲ့...နှင်ကတာ ကြက်ပျံငှက်ပျံဖြစ်နေပြီဟဲ့"

မိုက ညီထူးကို စသည်။

"ဘယ်ကဟုတ်ရမှာလဲ"

"ဒါ ကြက်ဖခွပ်အကက"

"ကိုရီးယားကားထဲကလို ကမယ်၊ လာ"

ညီထူးနှင့် ရွှေစင်က လက်တွဲပြီးကသည်။

မိုက ပင်ပန်းလာတာမို့ ဆိုဖာမှာပစ်ထိုင်ချပြီး [illegible]တား



www.burmeseclassic.com

www.burmeseclassic.com

သော အသားကင်ကို ဆော့(စ်)နှင့် တို့စား၏။

"သေချာဆိုလေ"

"ဆိုနေတာပဲ…ရေဆာလာပြီ"

ရွှေစင်က ညီထူးကို တစ်ယောက်တည်းဆိုခိုင်းပြီး ကုရွှာမိုနှင့် အတူတူလာစား၏။

ညီထူးက သီချင်းအေးအေးကလေး တစ်ပုဒ်ဆိုသည်။

ရွှေစင်က ညီထူးကို အာလူးချောင်းကြော် ခွံ့ကျွေးသည်။

မို သူတို့ကိုကြည့်ကာ တစ်ဦးတည်း ရယ်နေမိသည်။

ချစ်နေခွင့်ရှိတာ နင်တို့သိပ်ကံကောင်းပါတယ် သူငယ်ချင်းတို့ရယ်။

မို့နှလုံးသားလေးက ချစ်ခွင့်မရဘူး။

အချစ်ပျောက်နေတယ်။

အချစ်ငတ်နေတယ်။



karaoke ဆိုပြီး ကုရွှာမိုကို ညီထူးနှင့် ရွှေစင်က အိမ်ပြန် လိုက်ပို့သည်။

"မိုရေ…တာ့တာ"

ရွှေစင်က လက်ကလေးပြ နှုတ်ဆက်သည်။ အဲဒီအထိ အကောင်း။

ကားပြန်ထွက်လာမှ ပြဿနာကစတာ။ ရွှေစင့်မျက်နှာက ချက်ချင်းပဲ တင်းမာအေးစက်ကာ ခပ်ပြတ်ပြတ်မေးလာ၏။

"ညီထူး ဘယ်လိုလုပ်တာလဲ"

"မောင်"ဟုပင်မခေါ်တော့။ ခေါ်သံပြောင်းသွားသည်။

"ဘာလဲ" နားမလည်စွာ ပြန်မေးမိသည်။

"ဘာလုပ်တာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်လို့လဲ"

"ညီထူး…နှင်"

ရွှေစင့်အသံက အေးစက်မာကျောလွန်းလှသည်။

"သိရက်နဲ့ ရှုးချင်ယောင်မဆောင်ပါနဲ့"

"ဘာကိုလဲ၊ နှင်ဘာတွေ ဖောက်နေတာလဲ"

"လုံးဝမကျေနပ်ဘူး၊ နှင်တို့ ဘာလို့ အတူတူရှိနေရတာလဲ၊ ငါမပါဘဲနဲ့ နှင်တို့တွေ့စရာလား"ဟုဆို၏။

ညီထူးက သက်ပြင်းတစ်ရှိုက်နှင့်…

"မတရားမစွပ်စွဲပါနဲ့၊ ငါတို့က ရိုးရိုးသားသားပါ"

"ဒန်းပေါ်မှာထိုင်နေတာ သမီးရည်းစားကျနေတာပဲ"

"ဒါက နှင်အမြင်ကျဉ်းတာပါ"

"မှန်းတယ်…နှစ်ယောက်စလုံးကိုမုန်းတယ်"

"ထိုင်နေတာ ဟုတ်တယ်၊ ဒါပေမယ့် ငါတို့ အဲဒီလို မဖောက်ပြန်ဘူး"

"ဒါ ဘယ်သူသိမလဲ"





"လုံးဝမဖြစ်သင့်တဲ့ကိစ္စ"

ရွှေစင်က ခါးသီးလှသလို ရေရွတ်၏။

"တော်ပါဟာ၊ တော်စမ်းပါ"

"ငါ လုံးဝရိုးသားတယ်၊ နှင့်ဆီလာဖို့ မိုးဆီမရောက်တာကြာလို့ ဝင်လည်စကားခဏပြောနေမိတာ၊ အဲဒါပဲ ဘာသဘောမှ မဟုတ်ဘူး"

ရွှေစင်ကလည်း သည်နေ့မှ ရောက်လာသည်။ အထင်လွဲဖို့ သက်သက်ဖြစ်ရပြီ။

"ရွှေစင် ဘယ်လိုယုံရမလဲ၊ ဘယ်လိုစိတ်အေးမလဲ"

"ငါ့သိက္ခာကို ယုံပေးပါ၊ ပြီးတော့ မိုက နှင့်သူငယ်ချင်းပါဟာ၊ နှင့်အပေါ် သစ္စာမမဲ့ပါဘူး"

"နှင်ရိုးသားရင် ငါ့ကိုအရင်ဝင်ခေါ်ပါလား၊ ဖုန်းဆက်ပါလား၊ မိုတို့အိမ်မှာ ဆုံမယ်လို့"

"ဟာ…နှင်ကပ်သပ်လွန်းတယ်၊ တစ်ဖက်စောင်းနင်းကြီး ပြောလွန်း..ယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အမှန်တရားပြောတာ၊ နင် ငါ့စိတ်ဆင်းရဲအောင် တမင်လုပ်တာ၊ ဟိုတစ်ယောက်ကလည်း ဘာလို့ လက်ခံစကား ပြောရတာလဲ၊ ငါဘယ်လောက် ရင်ပူသွားမလဲ၊ ကိုယ်ချင်းစာကြည့်ပါဦး"

ရွှေစင်က ပြောပြောဆိုဆို မျက်ရည်ကျသည်။

"ခုနကမြင်ကွင်းကို ငါဘယ်လောက် တုန်လှုပ်သွားသလဲ၊ ငါ ဝမ်းနည်းတယ်"

"ဆောရီးကွာ…ငါ အဲဒီလောက် နက်နက်နဲနဲ မတွေးမိဘူး၊ ကဲပါ ဒါကို ပုံကြီးမချဲ့ပါနဲ့တော့၊ မေ့လိုက်…နောက်တစ်ခါ မဖြစ်စေရဘူး"

ရွှေစင်က နှုတ်ခမ်းလေးကိုက်ရင်း …

"ဗိုကြောင့် ရွှေစင် အမြဲငိုရတယ်"

ရွှေစင့်စကားတွေကို ညီထူး သက်ပြင်းရှိုက်မိပါသည်။

ရွှေစင်က ဗိုနှင့်ပတ်သက်လာလျှင် သူ့အပေါ် အရမ်းချုပ်ချယ်သည်။





အမြင်မရှင်း။ သံသယစိတ် ကြီးနေသည်။

"ရွှေစင်မပါဘဲ ဗိုနဲ့မတွေ့ရဘူး၊ ဖုန်းမဆက်ရဘူး၊ ဒါပဲနော် သတိပေးလိုက်ပြီ၊ သိလား"

"မဟုတ်သေးဘူး ရွှေစင်ရာ သူငယ်ချင်းတွေပဲ"

"ရွှေစင် စိတ်မချဘူး"

ရွှေစင်က အလျှော့ပေးသလို လေသံပျော့သွား၏။

"ကောင်းပါပြီကွာ၊ ရွှေစင့်သဘောအတိုင်းပါ"

"အစကတည်းက နင်တို့မှ မရိုးသားတာ၊ အဲဒါကို ငါ မမေ့ဘူး၊ နင် သူ့ကို မိုးရေကြီးထဲမှာ ရည်းစားစကားပြောဖူးတယ်လေ"

ညီထူးဆီ ပြဿနာဝင်လာသည်။

ရွှေစင်ကချစ်လို့ သဝန်တိုတာသိသည်။ ဒါပေမယ့် သူ မကျေနပ်ချင်။ အတိတ်ကဇာတ်လမ်းက ပြီးဆုံးခဲ့ပါပြီ။

သူငယ်ချင်းတွေကြားမှာ သည်လိုပြဿနာ၊ မျက်နှာပျက်စရာတွေ မဖြစ်ချင်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ရင်ထဲက သံသယကို ဘယ်လိုဖယ်ရှားရမလဲမသိ။

သူဘယ်လိုပဲ ဆင်ခြင်ဆင်ခြင် အမြင်ကစောင်းနေတော့ အပြစ်ပဲဖြစ်လာသည်။

ဗိုကတော့ ဒါတွေမသိရှာပွါ။

ရွှေစင်ကသာ တစ်ဖက်သတ်ဝန်တိုပြီး သူ့ကို စည်းတွေ ဘောင်တွေ ကန့်သတ်ချက်တွေ ထုတ်နေတာ။ သူနှင့်ရွှေစင် ငြိသွားမလား စိတ်ပူနေတာ။

ကြာတော့ သူ အနေကျဉ်းကြပ်လာမိသည်။ စိတ်ရှုပ်လာမိသည်။

သူကလည်းသူ…သူက မှားခဲ့သည်။

ဗိုကို ရွှေစင့်ရှေ့မှာ ရည်းစားစကား ပြောခဲ့မိသည်မဟုတ်လား။

သူ ဆင်ခြင်ခဲ့ရင် ရွှေစင် နားနှင့်ဆတ်ဆတ် မကြားခဲ့ရင် သည်လောက်ပူလောင်နေမှာမဟုတ်။



'လဝန်းပြာ'က ချစ်သူမျက်နှာချောချောသန့်သန့်ကို မြတ်နိုးမက်မောစွာ ငေးကြည့်ရင်း သူ့နှုတ်ကပြောလာမည့် စကားများကို နားစွင့်နေမိပါသည်။

သူ့အားမှာ စက္ကူထရီ ကောင်မလေးချောချောကိုမြင်တော့ ရင်ထဲပူသွားမိတာအမှန်။

ဘာလို့များ သည်လောက်လှပချစ်စရာကောင်းသော ကောင်မလေးကို ကုဋ္ဌေအောင်က အလုပ်ခန့်ပြီး အနားခေါ်ထားရတာလဲ။

ကုမ္မာဗိုဆိုသော ကောင်မလေး၏ အကြည့်များက အသက်ပါနွေးထွေးလွန်းလှသည်။ ပြီးတော့ သူတို့နှမည်တွေက ထူးခြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစတုန်းကတော့ ခန့်ဖို့ မရည်ရွယ်ပါဘူး"

"ဒါဖြင့် ဘာလို့ ခန့်လိုက်တာလဲဟင်"

"သူက အလုပ်သိပ်လိုနေတယ်၊ ပြီးတော့ ထက်ထက် မြက်မြက်ရှိတယ်၊ သိမ်မွေ့နူးညံ့တယ်၊ အဲဒါနဲ့ ခဏခန့်ထားလိုက်တာပါ"

"လဝန်းကို ဘာလို့မပြောတာလဲ"

"တမင်မပြောတာမဟုတ်ပါဘူး၊ မပြောဖြစ်တာပါ"

လဝန်းက မျက်နှာလေး စူပုပ်နေသည်။ ကုဋေအောင်က ချစ်စနိုး ကြည့်နေမိ၏။

"ပြီးတော့…သူ့ပုံစံက ပိုင်စိုးပိုင်နင်းနဲ့ လဝန်းက အဲဒါ မကျေနပ်တာ"

"မကျေနပ်လည်း ပြောလိုက်မယ်လေ"

"ဘယ်ကောင်းမလဲ"

"လဝန်း အနှောင့်အယှက်ဖြစ်ရင် မထားပါဘူး"

"ကားရှေ့မှာ ကားနောက်မှာ ဒါတွေထားတာလည်း





မကြိုက်ပါဘူး"

လဝန်းက ချက်ချင်းပဲ ဖိထားပေးသော တစ်ရှူးဗူးနှင့် အသဲပုံခေါင်းအုံးကလေးနှစ်ခုကို ကားထဲက ဖယ်ပစ်သည်။ ကုဋေအောင်က မတားမြစ်ပါ။

စိတ်မြန်လက်မြန်ပါပဲ။ လုံးဝမနှစ်သက်သော မျက်နှာကလေးနှင့်။

သူတစ်မျိုးကြီးဖြစ်သွားပေမယ့် ဘာမှမပြောမိပါ။

ဖို့မျက်နှာကလေးကို မြင်ယောင်မိကာ အားနာမိသည်။

"ဒါ လဝန်းနဲ့မောင်ရဲ့ ဘဝထဲကို သူ ဝင်စွက်ဖက်ဖို့ ခွင့်ပြုလို့မရဘူး၊ ကြိုပို့လည်း မလုပ်ရဘူး၊ ဒါပဲ ကင်းကင်းရှင်းရှင်း နေရမယ်"

ကုဋေအောင်က ကလေးဆန်သော ချစ်သူလေးကို မပြောရက်မဆိုရက်နှင့် ခေါင်းညိတ်လိုက်၏။ သူက လဝန်းမျက်နှာကလေးကို အရိပ်လိုကြည့်နေသူပါ။

လဝန်းပြာက သူ့လက်မောင်းကို မှီချပြီး ကျေနပ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"လဝန်းနဲ့ မိတ်ဆက်ပေး"

ကုဋေအောင်က ခေါင်းညိတ်သည်။

"ကုမ္ပဏီမှာ အလုပ်လိုချင်တာလား၊ သူဌေးကို အပိုင်စီးချင်တာလား၊ လဝန်းမေးကြည့်မယ်၊ အကဲခတ်ကြည့်ရမယ်"

လဝန်းစကားတွေကို သူတုန်လှုပ်သွား၏။ သို့ပေမယ့် တိတ်တဆိတ်နေလိုက်မယ်။

ဘယ်လိုအခွင့်အရေးမှ မယူတတ်သူကလေးဆိုတာ ကိုယ်ပဲသိသည်။

ရေလာမြောင်းပေးလည်း မလုပ်ခဲ့ဖူးပါ။ လဝန်းအထင်လွဲနေတာပါ။

တစ်ခါတလေမှ သူ့ကို စကားဆိုတတ်တာ။

ဗိုက ရိုးရိုးအေးအေးကလေးပါ။ ဘယ်လိုအကြံအစည်မျိုးမှ ရှိပုံမရ။

"မောင်"





"ဟင်"

ကုဋေအောင်က လှည့်ကြည့်သည်။

"ပြောလေ"

လဝန်းပြာက စကားမဆို။

"ဘာလဲ"

"ဟင်…မကြားလိုက်ဘူးလား"

လဝန်းက သူ့ကို မသက်သာလိုကြည့်သည်။

"တကယ်မကြားလိုက်လို့ပါ၊ မသက်သာမဖြစ်ပါနဲ့ လဝန်းရယ်၊ မောင်က ဘယ်လိုလူစားလဲ လဝန်းသိပါတယ်"

"ဒါပေမယ့် ဟိုကောင်မလေးက အရမ်းချောတော့"

"မောင့်ကို ဒီလောက်အထင်သေးရသလား"

"စိတ်ဆိုတာ ဘာပြောနိုင်မလဲ"

လဝန်းက စကားနာထိုးနေသည်။

"လဝန်း"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကိုချစ်ရဲ့လား"

"ဟင့်အင်း...ကြောက်လာပြီ"

လဝန်းက ခုထက်ထိ စိတ်ဆိုးမပြေချင်။

"တော်ပြီကွာ၊ မပြီးတော့ဘူး"

"မောင်ပဲ လဝန်းကို စိတ်ဆိုးအောင်လုပ်တာ"

"မဟုတ်ပါဘူး၊ ဘာမှကိုမဟုတ်ဘူး၊ လဝန်းထင်နေတာ အဓိပ္ပါယ်မရှိဘူး"

သူ့မျက်နှာတင်းမာလာမှ လဝန်းတိတ်သွားသည်။

"ဒါပဲနော်...လုံးဝကြိုဖို့ မလုပ်ရဘူး၊ တခြားတစ်ယောက်နဲ့ ပို့နိုင်းပါ"

လဝန်းက စိမ်ပေးလာ၏။ သည်လိုအမိန့်ပေးတာကို သူ မကြိုက်။

"ဘာလဲ မောင်က ကိုယ်တိုင်ပို့ရမှဖြစ်မှာလား"

"လဝန်းရာ...ကြိုမပေးပါဘူး၊ အပြန်ပဲပို့ပေးတာပါ"

သူ အေးစက်စွာ ညည်းမိသည်။



"ကိုယ့်အလုပ်ကိစ္စတွေထဲမှာ ဒီလောက်မဝင်စွက်ပါနဲ့"

သူ့စကားတွေက ပြတ်သားလွန်းသည်။ လဝန်း ဆတ်ခနဲ ဖြစ်သွားရသည်။ သူ့ကို စေ့စေ့ကြည့်မိသည်။ ထင်တာထက် ပိုသည်းနေပါရောလား။

"လဝန်းအပေါ် မောင် သစ္စာမဲ့မှာမဟုတ်ဘူး၊ ဖောက်ပြန်မှာလည်းမဟုတ်ဘူး"

လဝန်းက သူ့ကို တအံ့တသြငေးနေ၏။

"အစိုးရိမ်ကြီးမနေပါနဲ့၊ မောင့်ကိုလည်း စိတ်ညစ်အောင် မလုပ်ပါနဲ့"

"မောင်...အဲဒီမိန်းကလေးအပေါ် သာမန်ထက်ပိုနေပြီ"

လဝန်းက တစ်ခွန်းချင်းပြောသည်။ စွပ်စွဲသည်။

သူ့မျက်လုံးအစုံက ဒေါသနှင့် မှေးစင်းသွားရသည်။

လဝန်းက မျက်လွှာချပြီး 'ပြန်တော့မယ်'ဟုဆို၏။

ငြိသံလေးနှင့်ဆိုတော့ သူ့စိတ်မသက်သာ။

"မောင့်ကိုစိတ်ဆိုးတာလား"



www.burmeseclassic.com

www.burmeseclassic.com



လဝန်းက ပြန်မဖြေ။ နှုတ်ခမ်းတွေ တင်းတင်းစေ့ထား သည်။

"ဆောရီးကွာ၊ မောင်တောင်းပန်ပါတယ်"

ကားကိုရပ်ထားပြီး တိုးဖွဖွတောင်းပန်မိသည်။

မထင်၊ လဝန်း သည်လောက်ဖြစ်လိမ့်မည်မထင်။

"ဗိုဆိုတဲ့ မိန်းမကို မုန်းတယ်၊ မောင့်ဘဝမှာ ကွက်လပ် မရှိဘူး၊ သူဘာလို့ ဖွတ်တိုးဝင်ချင်ရတာလဲ"

မကျေမနပ်ပြောတော့ သူပြုံးမိသည်။

သူ့ကိုသိပ်ချစ်တာမို့ ဘာမဟုတ်တာလေးကိုပင် သဝန်တို နေတာသိသည်။

"သူက စည်းဘောင်ကျော်တယ်၊ မိန်းမချင်းပဲ နားလည် တာပေါ့၊ လဝန်းရင်ထဲ စံနိုးစနောင့်ဖြစ်မယ်ဆိုတာ မောင်သိသင့် တယ်"

"ဟုတ်ပါပြီကွာ၊ နောက်မဖြစ်စေရဘူး"

"ဒါပေမယ့် မောင်က သူ့ကြောင့် လဝန်းကိုအော်တယ်၊





မောင့်ကိစ္စက လဝန်းနဲ့ မဆိုင်ဘူးလား"

လဝန်းက သူ့ဖက်လှည့်လာပြန်သည်။

"သူ့နေရာနဲ့သူ နေပေါ့၊ ဘာလို့ကြားထဲဝင်လာရတာလဲ"

ကုဋေအောင်က လဝန်းပြော၏ ဆံပင်လေးများကို သပ်ပေး ကာ နဖူးချင်းတိုက်ပြီး လဝန်းရယ်ဟု ခေါ်လိုက်၏။

"မောင့်ကို ယုံကြည်ပေးပါ"

"စိတ်ပူလို့ပြောတာပါ မောင်၊ အဲဒီမိန်းမ လှန်တယ်ဆို တာ မောင်လည်းသိမှာပါ၊ လဝန်း ဘယ်လိုမှ လက်မခံနိုင်ဘူး၊ သူဟာသူနေတာကို လဝန်းက ပြောတာမဟုတ်ပါဘူး"

"ဟုတ်ပါတယ်ကွာ၊ လဝန်းကို မောင်နားလည်ပါတယ်၊ မောင့်ကိုလည်း လဝန်း နားလည်ပေးပါလား"

လဝန်းက သူ့ရင်ခွင်မှာ ငြိမ်သက်နေ၏။ ရန်စကားတွေ မဆိုတော့ပါ။

"ဘယ်သူ့ကြောင့်မှ လဝန်း မောင်နဲ့ အခြေအတင်မငြင်း ချင်ဘူးသိလား၊ လဝန်းက မောင်နဲ့ အမြဲတမ်း အဆင်ပြေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



လဝန်းက စိတ်မကောင်းသလိုဆို၏။

"ကြားလူ အနှောင့်အယှက်ဆိုတာ ရှိမှာပဲ မောင်နဲ့လဝန်း ရန်ဖြစ်စကားများလို့ မဖြစ်ဘူး၊ လဝန်းဘက်မှာ မောင်ရှိနေပါနော်"

ကုဋ္ဌေအောင်က ခေါင်းညိတ်လိုက်၏။

သူကလည်း လဝန်းနှင့် ပြေလည်ချင်သူ။

ပြီးတော့ ကုဋ္ဌာဇို ဆိုတာက လဝန်းထင်သလိုမဟုတ်။ သူ့ဘေးနားမှာ အလိုက်တသိ လိုအပ်တာကို ဂရုတစိုက်လုပ်ပေး တတ်ပေမယ့် ဣန္ဒြေလေးနှင့် နေတတ်သူပါ။

ဒါကို သူပဲသိသည်။

သူတို့နှစ်ယောက်၏ သန့်ရှင်းစင်ကြယ်မှုကို အခုလို တစ်လွဲအထင်ခံရတော့ စိတ်မကောင်း။

ဗို့အတွက် သူရင်နာမိသည်။

ဟိုကဖြင့် အလုပ်ကလေးတစ်ခုရဖို့ ပိုက်ဆံရဖို့ ကြိုးစား နေသူပါ။

လဝန်းဆိုသည့် ကိုယ့်ချစ်သူကလေးကလည်း သဘော





ထားသေးသိမ်းသူ မဟုတ်ပါ။

ကိုယ့်အပေါ် ချစ်စိတ်ကြောင့်သာ သောင်ခတ်တားမြစ် လာတာ။

အားလုံးကို ရှင်းရှင်းလင်းလင်း နားလည်ထားတော့ သူက ပြဿနာတစ်ရပ်ဟုမထင်။



www.burmeseclassic.com

www.burmeseclassic.com

တဖျောက်ဖျောက်ရွာနေသော မိုးကို ငေးကြည့်ကာ ကုရွာစို က ပင့်သက်ဖွဖွရှိုက်မိသည်။

အခုလို မိုးရွာလာတော့လည်း ရွှေစင်နှင့် ညီထူးကို သတိရမိသည်။ အလုပ်နှင့်ဆိုတော့ သူတို့ဆီ မရောက်ဖြစ်။ မဆုံဖြစ်။ ပြီးတော့ ခါတိုင်းလို သူငယ်ချင်းသုံးယောက် မဟုတ်တော့ဘဲ သူတို့က ချစ်သူစုံတွဲဖြစ်သွားကြပြီမို့ ကိုယ့်စိတ်ထဲ သင်းကွဲငှက်လို အားငယ်မိတာလည်း အမှန်။

ညီထူးက ကိုယ့်ကို ရွှေစင့်ရှေ့မှာတင် ချစ်ရေးဆိုခဲ့ဖူးတာမို့ ရွှေစင့် စိတ်မှာ ဒါ့ကို နာကျင်ခံခက်မေ့မရ ဖြစ်နေမှလည်း အမှန်။

ဒီ့အပေါ် ရွှေစင် တိတ်တိတ်ကလေး မနာလိုဖြစ်ရှာ သိနေ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ခင်တာက ခင်တာသပ်သပ်။ ကိုယ့်ရည်းစားက စိတ်ဝင်စားသော မိန်းမအဖြစ် မျက်ရှုတာက မျက်ရှုတာသပ်သပ် အဲဒီလို နှစ်မျိုးဖြစ်နေလိမ့်မည်။

ဟိုတစ်ရက်က ညီထူးနှင့် ဗို ဒန်းပေါ်ထိုင်ပြီး စကားပြောနေကြတုန်း ရွှေစင် ရောက်လာတော့ ရွှေစင့်မျက်နှာက အေးစက်မာကျောပြီး မျက်လုံးတွေထဲမှာ မနှစ်သက်ခြင်းကို အထင်အရှား တွေ့ရသည်။

သို့သော် ရွှေစင်က ချက်ချင်းပဲ ထိန်းချုပ်ကာ ဘာမှမဖြစ်သလို ဟန်ဆောင်လိုက်သည်။

ဗို ရွှေစင့်မျက်လုံးတွေကို သိသည်။ နားလည်သည်။ ရင်ထဲမှာလည်း လန့်ဖျန့်သွားသည်။

တစ်ခုခုပေါက်ကွဲလိုက်မှာ စိုးထိတ်မိသည်။

ဗို့ကြောင့် သူတို့နှစ်ယောက် ပြဿနာမဖြစ်စေချင်။ မနှောင့်ယှက်ချင်။ ရွှေစင် စိတ်ဆင်းရဲအောင် မလုပ်ရက်ပါ။ မလုပ်ချင်ပါ။

အချစ်နှင့် ပတ်သက်လာလျှင် ဗိုက ကံခေနေသူပါ။





သူများချစ်ခြင်းမှာ ကိုယ်က ဝင်စွက်ပြီး ဂြိုဟ်မခွေချင်။

ညီထူးနှင့် နှစ်ယောက်တည်း ဒန်းပေါ်ထိုင်ပြီး စကားပြောတာ ဗို မှားသွားပြီ။

ရွှေစင်က သည့်မြင်ကွင်းကို မျက်စိစူးမှာ ကျိန်းသေ။

ဘယ်လိုလုပ် သဘောထားကြီးနိုင်မလဲ။

သူတို့နှစ်ယောက် ဗို့ကြောင့် ရန်ဖြစ်ကြမှာ ကျိန်းသေ။

ဗို ဘာလို့မဆင်ခြင်မိသလဲ။

ရွှေစင်က ကိုယ့်ကို တဖြည်းဖြည်း မုန်းတော့မည်။

ညီထူးက ကိုယ့်အပေါ် စိတ်ဝင်စားတာ ဖွင့်ဟဝန်ခံဖူးသည်။ ရွှေစင့်ရှေ့မှာတင် ဖွင့်ဟထားတော့ ရွှေစင်က ခုလိုနှစ်ယောက်တည်းတွေ့တာကို ကြိုက်မှာမဟုတ်။

ရိုးရိုးသားသား သူငယ်ချင်းတွေမှ မဟုတ်ခဲ့ဘဲ။

ညီထူးက ကိုယ့်ကို အခုလို မိုးတဖွဲဖွဲရွာနေချိန် လမ်းပေါ်မှာလဲ ချစ်ရေးဆိုခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့က…

ဂ ဩ ၂ႁ Rain Cowt မိုးကာဂျာကင်အပြာရောင်ကို ဝတ်ထားပြီး ရွှေစင်နှင့် ဗိုက ထီးအကြည်ရောင်ကလေးကို အတူတူဆောင်းပြီး ပြန်လာကြတာ။

အဲဒီနေ့က ဘယ်သွားတာလဲ။

တစ်နေရာရာပါပဲ။ ဗို အတိအကျ မမှတ်မိတော့ပါ။

မိုးတွေ နည်းနည်းစိပ်လာတော့ ညီထူးက ကုဋ္ဌာဗိုအားကို တိုးကပ်ကာ ထီးအရိပ်အောက် ဖွတ်ဝင်လာသည်။ သူ့မှာ ရိန်းကုတ် ပါသားနှင့်။

"ဟဲ့…ဘယ်လိုဖြစ်နေတာလဲ၊ ဟိုမှာ ရွှေစင်အပြင်ရောက်တော့မယ်၊ နင် ဖွတ်မတိုးနဲ့"

"ငါ ချမ်းလာပြီဟ၊ မိုးကသည်းလာပြီ"

"နင့်မှာ ရိန်းကုတ်ပါသားပဲ"

"ငါ့ရိန်းကုတ်က ခေါင်းမှာပေါက်နေတယ်၊ ရေဝင်တယ်ဟ၊ မလုံဘူး၊ ထီးဆောင်းပေး"





"ဟွန့်…ယောကျ်ားလေးဖြစ်ပြီး"

"ဗိုရာ နင်ကလည်း ငါလည်း သူငယ်ချင်းပါဟာ၊ ရွှေစင် ချည်းပဲ ဆောင်းမပေးနဲ့လေ"

ထီးခေါက်ကလေးကို ကိုင်ထားသည့် ကုဋ္ဌာဗို၏ လက်ကလေးကို သူ့လက်နှင့်ဆုပ်ကာ ထီးကို သူ့ဘက်ဆွဲယူသည်။

"ဟဲ့…ဩော်…ဘယ်လိုဖြစ်တာလဲ၊ ရွှေစင် ရွဲကုန်ပြီ၊ ညီထူး နင်တော်တော်ဆိုးပါလား"

"ရွှေစင် ဆောရီးကွာ"

ညီထူးက ရွှေစင့်ကို တောင်းပန်ရင်း တစ်လက်စတည်း ဆိုလာ၏။ သူ့စကားကို ကုဋ္ဌာဗိုရော ရွှေစင်ပါ သဲသဲကွဲကွဲ ကြားသည်။

မိုးသံကို ဖောက်ထွင်းပြီး ကြားလိုက်တာပါ။

ကုဋ္ဌာဗိုက သူ့လက်ထဲက ကိုယ့်လက်ကို ရုန်းဖယ်ထွက်သောအခါ ထီးက အောက်ကို ပြုတ်ကျသွား၏။ ရွှေစင်က အမန်းကတန်း ထီးပြန်ကောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဖုန်းထဲကလည်း မပြောချင်ဘူး"

ညီထူးက ကုဋ္ဌာမို၏ မျက်နှာကလေးကို စိုက်ကြည့်ကာ ဆိုလာ၏။ သူ့ပုံစံက လေးနက်လွန်းလှသည်။

"ငါတို့က ဆုံလိုက်တိုင်း သုံးယောက်၊ နှစ်ယောက်တည်း ပြောခွင့်မရဘူး၊ ရွှေစင်ကလည်း သူငယ်ချင်းပဲဟာ"

ကုဋ္ဌာမိုက နှုတ်ခမ်းလေးစူပြီး သူ့ကိုကြည့်၏။ မျက်စောင်းရှယ်၏။ ပြီးမှ...

"ဟွန့်...နင်ကိုယ်တိုင်က အရှက်မရှိတာ"

"ဟာ...မဟုတ်ပါဘူး၊ ဒီလိုပြောရင် နင်ရှက်မယ်ဆိုတာပဲ သိပါတယ်၊ ငါ့ကိုခွင့်လွှတ်ပါဟာ"

"ဘာလို့ခွင့်လွှတ်ရမှာလဲ၊ နင်နဲ့မဆိုင်ဘူး"

"ဟ...ဒါဆို လုံးဝမဖြစ်ဘူး"

ညီထူးက မို့လက်ကို ပြန်ပြီးဖမ်းဆွဲထား၏။

"နင်မဖြေရင် မလွှတ်ဘူး"

"ညီထူး နင်ဖွတ်တရွတ်မလုပ်နဲ့"





သူ့ကို အေးစက်စွာဆိုမိသည်။

"ဒါ...ပေါ့ပျက်ပျက် ကိစ္စမဟုတ်ဘူး၊ ငါစဉ်းစားမယ်၊ စဉ်းစားပြီး ဆုံးဖြတ်မယ်၊ နင် အဲဒါကို လက်ခံပါ၊ အခု...ဖယ် လက်ကိုလွှတ်"

ညီထူးက ရင်ဘတ်ကြီးမောက်တက်အောင် သက်ပြင်းရှိုက်ကာ လွှတ်လိုက်၏။

အခုမှပဲ သေချာပြန်စဉ်းစားမိတော့သည်။

အဲဒီ့အနားက ရွှေစင် တစ်လမ်းလုံး စကားတစ်ခွန်းမှမဆို။ မျက်နှာလည်း အရမ်းပျက်နေသည်။

ညီထူးကို ငေးကြည့်နေသော ရွှေစင့်မျက်လုံးများက နာကျင်ကြေကွဲမှု ပြည့်လျှံနေသည်။

ကုဋ္ဌာမိုကသာ အကဲမခတ်မိတာ မတွေးကြည့်မိတာ။

"ကုဋ္ဌာမို"

"ဟင်"

သူမဘေးကို ရောက်လာသော ကုဋေအောင်က [illegible]စမ်း



www.burmeseclassic.com

www.burmeseclassic.com



စမ်းနှင့် "မိုးရွာတာ ငေးနေတာလား"ဟု မေးလာ၏။

"အင်း"

"မိုးရွာတာ ကြိုက်လား"

"အရမ်းကြိုက်တယ်"

"ဟုတ်လား"

"မိုးရွာတာ သိပ်လှပတဲ့ ကဗျာတစ်ပုဒ်လိုပါပဲ၊ မိုးတိတ်သွားရင်လည်း ရင်ထဲမှာ တစ်မျိုးလေးဖြစ်နေမိတယ်။ ကျွန်မ မိုးကို ချစ်တယ်"

"အဟား...ဟုတ်လား၊ ကဲပါကွာ...မိုးအကြောင်းပြီးမှ ဆက်ပြောကြတာပေါ့၊ ကျွန်တော်က မိုးအေးစိမ့်နေတော့ ကော်ဖီ ပူပူသောက်ချင်တယ်"

"ကိုကုဋေ မိုးမိလာသလား"

"မိုးမစိုပါဘူး"

"ခဏလေးနော်...ကော်ဖီဖျော်ပေးပါ့မယ်"

"အင်း"





သူက သူ့စားပွဲဆီ လျှောက်သွားပြီး ကွန်ပျူတာကြည့်နေ၏။ ဗိုက သူ့အတွက် ကော်ဖီခါးစိမ့်စိမ့်တစ်ခွက် ဖျော်သည်။

ပြီးတော့ သူ့ရှေ့သွားချပေးမိသည်။

"ကုဋာဗိုရော မသောက်ဘူးလား"

"ဟင့်အင်း...ခုနတုန်းက သောက်ပြီးပြီ"

ကုဋေအောင်က ကော်ဖီကို ချက်ချင်းသောက်ဖို့ ပြင်ပြီးမှ ပြန်ချထားလိုက်၏။

"ကျွန်တော် Mr.Bean ရဲ့ ဟာသတစ်ခုကို ဖျတ်ခနဲ သတိရမိတယ်"

"ရှင်"

ကုဋာဗိုက သူ့စကားကို ရုတ်တရက် နားမလည်။ သူ့ကို ကြည့်ကာ နားထောင်နေမိ၏။

"လက်ဖက်ရည်ဆိုင်မှာ Mr.Bean က စားပွဲထိုးပေါ့ဗျာ၊ လက်ဖက်ရည်သောက်တဲ့ စားသုံးသူက လက်ဖက်ရည်မှာတယ်၊ သူက စားပွဲထိုး Mr.Bean ကိုခေါ်ပြီးပြောတယ်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည် တစ်ခွက်တည်းမှာတာပါ၊ ယင်ကောင်ထည့်မလာနိုင်းပါဘူးတဲ့၊ Mr.Bean 'မစ္စတာဘင်းန်'က ဘာပြန်ပြောသလဲ ဆိုတော့ ယင်ကောင်အတွက် ပိုပေးစရာမလိုပါဘူး ဆရာကြီးတဲ့"

ကုဋေအောင်၏ စကားကြောင့် ကုဋာဇိုက ဖျော်ခဲ့ ကော်ဖီခွက်ကို ငုံ့ကြည့်သည်။

"ဟယ်တော့...ပုရွက်ဆိတ်က ဘာလို့ပါလာရတာလဲ"

ဖျော်နေတုန်းက ဗို မတွေ့။ နို့ဆီထဲက ပါသွားတာပဲဖြစ်မည်။ နို့ဆီထဲ ပုရွက်ဆိတ်တွေ ဝင်နေပြီထင်ပါရဲ့။

**Coustmer; I ordered for a cup of tea but not for a fly with it.**

**Mr.Bean; (as waiter): But sir, there is no extra charge for the fly.**

သူပြောပြသော မစ္စတာဘင်းန်၏ ဟာသကလေးကို ပြန်ကြားယောင်ပြုံးမိရင်း သူ့အတွက် ကော်ဖီအသစ်တစ်ခွက် ထပ်ဖျော်ပေးမိသည်။





ဗိုလည်း ရှင့်လို သွယ်ဝိုက်ပြောတတ်ချင်လိုက်တာ။

ကော်ဖီထဲမှာ ပုရွက်ဆိတ်တွေရှိတာ တိုက်ရိုက်မပြောဘဲ နို့ကို သိစေလိုက်တယ်နော်။

ဗို့ရင်ထဲက အချစ်ကို ရှင်သိအောင် ဗို ဝေ့ကာဝိုက်ကာ ပြောပြချင်လိုက်တာ။

ရယူပိုင်ဆိုင်ချင်လို့ မဟုတ်ပါဘူး။

ရှင်တို့ချစ်သူချင်းလည်း ဗို့ကြောင့် ပြဿနာမဖြစ်စေချင်ပါဘူး။

ဘာမှမမျှော်လင့်ပါဘူး။

ဒီရှုသိစေချင်တာပါ။

ရှင့်ကို နက်ရှိုင်းရူးနှင့်စွာ ချစ်တဲ့ မိန်းမတစ်ယောက် ရှိပါလားဆိုတာ သိရင် လုံလောက်ပြီ။

သည့်ထက်လည်း ဘာမှပိုမလိုချင်ပါဘူး။

တစ်ယောက်တစ်လမ်းစီ လျှောက်ကြရမယ်ဆိုတာ သေသေချာချာ သိပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ…ဒီတစ်ခါ ပုရွက်ဆိတ်မပါတော့ဘူး"

သူက တိုးတိုးဖွဖွရယ်သည်။

သူ့ရယ်သံကို နှလုံးသားနှင့် မှတ်နေမိသည်။

နောက်ဆို ထိုရယ်သံကလေးကို ပြန်တွေးပြီး လွမ်းစိတ်ဖြေရမှာ။

ထိုရယ်သံကလေးကို ပြန်ကြားယောင်ပြီး ကြည်နူးနေရမှာ။ ချစ်သူရယ်သံဆိုတာ အင်မတန် ချိုမြိန်ညှတ်နူးဖွယ်ကောင်းသော တေးသွားတစ်ပုဒ်ပါ။

"ကျောင်းတုန်းက သူငယ်ချင်းကောင်မလေးတစ်ယောက် ရှိတယ်၊ သူ့နာမည်က သီတာတဲ့၊ သူ့ကို ကျွန်တော်တို့က PH လို့ ခေါ်တယ်၊ သီတာဆိုတော့ ရေ၊ ရေဆိုတာက ဓာတုဗေဒသဘော အရ ပီအိတ်ဆဲဗင်း မဟုတ်လား"

"အင်း"

သူက စိတ်လိုလက်ရ စကားတွေပြောနေသည်။ ခါတိုင်းဆို မဆိုင်တာတွေ သည်လောက်ပြောပြလေ့မရှိ။





"ပီအိတ်ဆဲဗင်းက သူ့ကို မခံချင်အောင် စမိရင် သူက မေတ္တာပို့ရော၊ ယင်နားစာ စားမိပါစေ၊ ချီးပုံနင်းမိပါစေ၊ အိပ်မက်ဆိုး မက်ပါစေဆိုပြီး"

"အဟင်း"

ကုဋာစို မနေနိုင်ဘဲ ရယ်မိ၏။

"ကျွန်တော် တစ်ခါ သူ့ကိုစ,မိတယ်၊ သူက ပိုးဟပ်ကြောက်တယ်လေ"

"ဪ"

"ကျွန်တော်က သူ့ရှေ့ပိုးဟပ်ယူသွားမိတာ"

ဪ သူဟာ သူငယ်ချင်းတွေကို တရင်းတနှီး နောက်ပြောင်ကျီစယ်ပြီး ပေါ့ပေါ့ပါးပါးနေတတ်သူလား။

"ကျွန်တော့်ကို သူကျိန်ပါလေရော၊ ကော်ဖီသောက်ရင် ပုရွက်ဆိတ်အကောင်လိုက် မြိုချမိပါစေတဲ့"

"အဟင်း..ဟင်း ဒါကြောင့် ကော်ဖီသောက်ရင် ပုရွက်ဆိတ်ပါမပါ သေချာကြည့်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ခဏခဏပဲ ကျွန်တော့်ကော်ဖီဆို ပုရွက်ဆိတ်က အကောင်လိုက်ပါလာစမြဲပဲ"

"နောက်တစ်ခါဆို ဗို သတိထားပေးပါ့မယ်"

သူက ကုဋာဗိုကို ကြည့်ကာ ပြုံးမြမြနှင့် မျက်လုံးတွေ စူးရှတောက်ပနေ၏။

"ကျွန်တော် ခင်ဗျားကို ဗိုလို့ပဲ ခေါ်မယ်"

"အင်း"

"ထူးဆန်းတယ်၊ ကျွန်တော်က ကုဋေ၊ ခင်ဗျားက ကုဋာ အဲဒီနာမည်ကို ကျွန်တော် ကြားကြားချင်း မယုံဘူးဖြစ်နေတာဗျ၊ ကျွန်တော့်နာမည်နဲ့ ဘာလို့ တကြောတည်း တဆက်တည်း ဖြစ်နေတာလည်းဆိုပြီး"

"ဘာမင်လုပ်ကြံပြောတဲ့ နာမည်တုလို့ ထင်တာလား"

"မညာစတမ်းပြောရရင် အဲဒီလိုထင်မိတယ်ဗျ"

သူက ကော်ဖီကို တစ်ငုံသောက်လိုက် စကားပြောလိုက်နှင့် အလုပ်ကိစ္စတွေပင် မေ့နေသလိုပါ။





"ကုဋေကုဋာဆိုတာ တစ်ဆက်တည်း စကားလုံးပဲမဟုတ်လား၊ နောက်မှ တကယ်ပဲ ကုဋာဗို ပါလားဆိုပြီး အံ့သြနေမိတယ်"

ကုဋာဗိုက သူ့အနားမှာ မတ်တတ်ရပ်နေတာမို့...

"ထိုင်ပါ...ကျွန်တော့်ကို ဘယ်လိုသိတာလဲ၊ ဒီကုမ္ပဏီမှာ လူလိုနေတာ ဘယ်လိုသိတာလဲ"ဟု မေးလာတော့သည်။

ဗို ဘယ်လိုဖြေရမှန်းမသိ။

တော်သေးတာက သူ့ဟဲင်းနဲ့ဖုန်းကလေး ထမြည်လာတာပါပဲ။ သူက လက်ကာပြပြီး ဖုန်းပြောသည်။

"ဒီညကြည့်ရမှာ ဖြစ်မှာလား၊ နောက်နေ့မရဘူးလားကွာ၊ ဒီည အလုပ်ကိစ္စရှိတယ်၊ လဝန်းက လီမွာပါတယ်ကွာ၊ မနက်ဖြန်ည စီစဉ်ပေးမယ်"ဟု သူက တောင်းတောင်းပန်ပန် ချော့မော့ ပြောဆိုနေ၏။

ထိုစကားသံက ဗို့နှလုံးသားကို ဆုပ်ညှစ်လိုက်သလို နာကျင်စေပါသည်။

ဒါဟာ အမှန်တရားပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အမုန်တရားကို မေ့ထားလို့ဖြစ်ပါ့မလား။

တဒင်္ဂသာယာမှုကလေးကို ဗိုဖက်တွယ်ကြည်နူးနေမိသလား။ လဝန်းဆိုသော သူ့နှုတ်ဖျားက စကားသံသည် ဗိုအိပ်မက်လှလှကို ဖျက်စီးစေပါသည်။

"အေးပါကွာ...ကြည့်ရမှာပါ၊ လုံးဝကတိတည်တယ်၊ လဝန်းရာ ကတိပေးပြီးရင် ဖျက်ဖူးတာရှိလို့လား"

ကုဋ္ဌာဗိုက မသိမသာ ရှောင်ထွက်လာခဲ့သည်။

သူဖုန်းပြောနေတာ ဆက်နားမထောင်ချင်။

သူမေးလာမည့် မေးခွန်းတွေကိုလည်း မဖြေချင်။



"ဟာ...အဲဒီဖုန်းဝင်လာရင် ငါ့ကိုခေါ်ပါဆို၊ လုပ်ချလိုက်ပြန်ပြီ၊ ခုနက ချာတိတ်ကို Disc နှစ်ခွေမပေးလိုက်ဘူးလား၊ ခက်တာပဲ၊ ဘာတွေမှန်းမသိဘူး"

စိတ်မရှည်စွာနှင့် အော်မိတော့သည်။

"ထမင်းစားတော့မလား"ဟု ချာတိတ်တစ်ယောက်လာမေးတာကို ပြန်မဖြေဖြစ်၊ ဖြစ်နိုင်လျှင် မျက်စိရှေ့တွေ့သမျှ ဟိန်းဟောက်ပစ်ချင်သည်။

သည်တစ်မနက်လုံးအဆင်မပြေ။ တခုခုကို အလိုမကျသလိုပင်။

သူဘာဖြစ်နေတာလဲ၊ ဘာလို့ အလိုလိုနေရင်း ဒေါသကြီးနေမိတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလို့ပင် မရနိုင်တော့ပါ။

သူတပည့်က သူ့အတွက် အအေးတစ်ခွက်လုပ်ပေးသည်။ သူတစ်ငုံသောက်ရင်း ခံတွင်းမတွေ့။ ပါးစပ်ထဲမှာဘာမှ အရသာမရှိ၊ ထမင်းလည်းမစားချင်။

မနက်စောစော မိုဆီမှ ဖုန်းဝင်လာပြီးကတည်းက သူဘာဝင်မကျချင်တာ။

ကုဋေမိုက ခွင့်တင်သည်။

သူ့ရင်ထဲဟာတာတာနှင့်။

"မိုမရောက်သေးဘူးလား"ဟု ကားထဲကဆင်းဆင်းချင်း မေးမိသည်။

"သူမက ဒီနေ့မလာတော့ဘူး"ဟု ဖုန်းဆက်တော့ သူဘာပြန်ပြောရမှန်းမသိ။ တစ်ရက်တလေ မလာတာကို ဖွတ်လည်းမခေါ်ချင်။

"ကောင်းပြီလေ"ဟုသာ အလိုက်သင့် ပြန်ပြောရသည်။

"မနက်ဖြန်လာမယ် မဟုတ်လား"





"လာမှာပါ"

သူ့ဖုန်းမချဖြစ်သေးဘဲ ငြိမ်နေမိသည်။

"ကိုကုဋေ အောင်"

"ဟင်"

"ဘာပြောအုံးမလဲ"

"မရှိပါဘူး"

မိုက ဖုန်းချသွား၏။

မိုဆီက ဖုန်းလာပြီးကတည်းက သူ့စိတ်တွေ မာဆတ်နေမိတာ။

သူ့ကိုယ်သူပင် နားမလည်ချင်တော့ပါ။

ကုဋေမိုက သူ့အနားကို ရောက်လာတာဘာမှ မကြာသေးပါ။ သို့သော် တစ်ရက်တလေ အနားမှာမရှိတာနှင့် အလိုမကျချင်ဖြစ်ရသည်။

သူ့အတွက် မိုဟာ မရှိမဖြစ် အနေအထားလား၊ မို့မျက်နှာလေးကို မြင်ရတာ၊ မို့ဖျော်သော ကော်ဖီနွေးနွေးကို မသောက်ရ



www.burmeseclassic.com

www.burmeseclassic.com

တာ မနက်ခင်းက မပြည့်စုံ။

ဗိုရယ်။

လဝန်းအပေါ် တစ်သက်လုံး ကိုယ့်ဘက်က သစ္စာရှိချင်တာအမှန်ပါ။

ကိုယ်…ဗိုအပေါ် ရိုးသားသင့်တယ်။

ကိုယ်…တရားသင့်တယ်၊ ကိုယ်သိပါတယ်။



ညီတူးနှင့် ရွှေစင်က ဆိုင်နေရာကြည့်ဖို့ ခေါ်လို့သာ လိုက်လာရတာ။

ကု ဗို့ရင်ထဲ ခြောက်သွေ့နေသည်၊ လုံးဝမပျော်။

မနက်ခင်းမှာ ကုရွှေ အောင့်မျက်နှာကို မမြင်ရတာ၊ သူ့ရယ်သံကိုမကြားရတာ အကြီးအကျယ်လစ်ဟာသည်။

မလိုက်ခဲ့ရင်လည်း မကောင်းတတ်လို့တာ။

တကယ်ဆိုသူနှင့် တမနက်တစ်ရက်လည်း မခွဲချင်၊ မတွေ့ပဲမနေနိုင်။

ညရှည်ကြီးကို မြန်မြန်ကုန်စေချင်သည်။

နောက်တစ်နေ့မနက်ကို ရင်ခုန်မြန်စွာ စောင့်နေမိသည်။

နောက်တစ်နေ့မနက် ဗိုရောက်သွားတော့ သူ့ခုံမှာထိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်နေသည်။

မို့ကို လှမ်းမြင်ရက်သားနှင့် ခါတိုင်းလိုပြုံးမပြပါ။

"ဒီနေ့ မိုစောသားပဲ"ဟု စာရေးလေးကနှုတ်ဆက်၏။

ပြီးတော့သူ့ဘက်ကို မျက်စပစ်ကာ ပုခုံးတွန့်ပြသည်။

မို့သူ့ကို လှမ်းပြုံးပြလိုက်သည်။

သုန်မှုန်နေသော သူ့မျက်နှာကိုကြည့်ပြီး ဘာပြောရမှန်းမသိ။

သူဘာလို့ မကြည်မလင် ဖြစ်နေတာလဲမသိပါ။

"ကုမ္မာမို"

"ရှင်"

"ကော်ဖီသောက်ချင်တယ်"

"ဟုတ်ကဲ့"

ဖြန့်ချထားသော ဆံပင်လေးကို ကျားလက်သည်းနှင့်ညှပ်တင်လိုက်ပြီး မိုကကော်ဖီဖျော်သည်။

ကော်ဖီသောက်ချင်တာကို ညင်ညင်သာသာမပြော





ပြတ်တောင်းမာကျောစွာ ပြောလာသည်။

"ကော်ဖီရပြီ"

ကော်ဖီပန်းကန်ချပေးရင်း သူ့ကိုကြည့်မိ၏။

"လိုတာပြောပါ"

သူကခေါင်းမညိတ်၊ ခေါင်းမခါ။

အသာကလေး လှည့်ထွက်လာပြီး သူ့တပည့်ကို တိုးသက်သက်မေးကြည့်၏။

"ဘာလို့စိတ်တိုနေတာလဲဟင်"

"မသိပါဘူးဗျာ"

"ဘယ်သူ့ကြောင့်လဲ"

"ဘာမှမဖြစ်ဘူး၊ ဘာဖြစ်မှန်းကိုမသိတာ"

မို့ပခုံးတွန့်ရင်း ရယ်မိသည်။

တကယ်ပါပဲ...မထင်ခဲ့မိပါ။

သူစိတ်ဆိုးတတ်သည်။

မနေ့ညက သူ့ကောင်မလေးနှင့် အဆင်မပြေများ ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သလား။

ကုဋ္ဌာမိုတွေးကြည့်မိသည်။

ရင်ထဲမွန်းကြပ်လာသလိုရှိတာမို့ ပင့်သက်ရှိုက်မိ၏။

သူက ကုဋ္ဌာမိုဖျော်သော ကော်ဖီကို တိတ်တဆိတ်သောက်နေ၏။ ပြီးမှ...

"မို"ဟု လှမ်းခေါ်သည်။

"ညနေအပြန်မပို့ပေးတော့ဘူး၊ မိုအပြန် မန်နေဂျာနဲ့ လိုက်သွားလေ ကိုယ်သွားစရာတွေရှိနေလို့"

မိုကမျက်နှာလေးဖျက်ကာ မော့ကြည့်သည်။

"ကြားလား"

"ဟုတ်ကဲ့ပါ"

မိုချက်ချင်းပဲ မျက်လွှာချမိသည်။

ကုဋ္ဌာ မိုသိပါပြီ။

သူ့ကားထဲမှာ တစ်ရှူးဘူးလေးကို မတွေ့ကတည်းက တခုခုပဲဆိုတာ သိနေသည်။ စိတ်ထဲမှာ ထင့်နေသည်။





သူ့ကောင်မလေးနှင့်သူ မိုကြောင့် ပြဿနာဖြစ်ကြသလား။

စကားများကြသလား။

သူ့ကောင်မလေးရဲ့ ဆန္ဒဆိုတာ မိုတန်းကနဲသိသည်။

ဝမ်းလည်းနည်းသည်။

အစကတည်းက ကိုယ့်နေရာကိုယ်နေခဲ့ရင် ခုလိုဖြစ်မှာ မဟုတ်။

သူချစ်သူလေး စိတ်ချမ်းသာအောင် သူကလိုက်လျောမှာပါ။

မိုက သူများရည်းစားကို လုယူဖို့ ကြံစည်အားထုတ်နေမိသလား။

သူများစုံတွဲကို မပြေမလည်ဖြစ်အောင် မွှေနှောက်နေမိသလား။

မို့ကိုမို မုန်းလာမိသလိုပါ။

မို့ကြောင့်သူတို့...

"မို"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းမဖြစ်ပါနဲ့"

သူက ကရုဏာသက်သလို နှစ်သိမ့်တော့ မိုရုက်မိသည်။

မိုအဖြစ်ကဆိုးရွားလွန်းလိုက်တာ။

"ရပါတယ်"

သူကသက်ပြင်းတစ်ချက်ရှိုက်ရင်း…

"ကိုယ့်စက္ကူထရီလည်း ခွင့်မစေခင် ပြန်လာမယ်ပြော

တယ်"ဟု ဆိုလာ၏။

ဒါက…ဘယ်လိုအဓိပ္ပါယ်ပါလိမ့်။

ကုဋ္ဌာမိုကို အလုပ်ထွက်စေချင်တာလား။

သူတို့ မိုကြောင့် အကြီးအကျယ် ပြဿနာတက်ခဲ့ပြီလား

"လောလောဆယ်တော့ မိုအလုပ်ပြုတ်သွားရင် ဒုက္ခ

ရောက်မှာစိုးလို့"

"ရပါတယ်…အလုပ်သစ်ရှာမှာပေါ့"

ကုဋ္ဌာမိုက အေးစက်စက်ပြောသည်။

"ခဏနားရတော့လည်း သက်သာတာပေါ့"တဲ့ သူ





ခေါင်းညိတ်သည်။

"ကိုယ်ပိုင်အလုပ်မျိုးပဲ လုပ်ချင်တော့တယ်၊ အချိန်သတ်

မှတ်ချက်နဲ့နေရတာ အဆင်မပြေဘူး၊ သိပ်ပင်ပန်းလဲမခံနိုင်ဘူး၊

ပန်းချီဆွဲတာဖြစ်ဖြစ်၊ စာရေးတာဖြစ်ဖြစ်၊ မိုအနုပညာ အလုပ်တစ်

ခုခုလုပ်ပါမယ်"

မိုကသူ့ကို ရှင်းပြသည်။

"အဲဒါလည်း ကောင်းပါတယ်"

"သူများအလုပ်သမားဆိုတော့ တာဝန်တစ်ခုပိနေသလို

ခံစားနေရတယ်"

"အလုပ်ကို ငြီးငွေ့သွားပြီလားမို"

"ဒီလိုပါပဲ"

သူ့အ ကြိုက်လိုက်မပို့ဘူးဆိုတာရယ်၊ အမြတ်တနိုးပေးထား

တာလေးတွေ သူ့ကားထဲမှာ မရှိတော့တာရယ်၊ မို့နှလုံးသားကို

နွမ်းလျသွားစေပါသည်။

ကိုယ်က သူ့မဖျော်သော ကော်ဖီခါးခါးလေးမှာ သောက



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်ဟု ဖြစ်လာချိန်မှာပဲ သူမကဝေးဝေးပြေးဖို့ တွေးနေပါရော လား။

ကုဏ္ဍာဇိုက သူ့ကိုငေးကြည့်နေမိသည်။

ဇိုဘာလုပ်ရမလဲ ကုဋ္ဌေအောင်ရယ်။

ရှင်က ဇို့ရင်ထဲကို နားမလည်ပါဖူး။

ရှင်လေးနက်တာဟာ "လဝန်းပြာ" ပါ။

သူက ရှင့် ချစ်သူကလေးမဟုတ်လား။

ရှင် မှန်ပါတယ်။

မှားနေတာက ကျွန်မပါ။

မှားမှန်းလည်းသိပါတယ်။

အမှားအတိုင်း ဖွတ်တိုးနေတာ···

အမှန်ကို မြင်ဖို့နှလုံးသားက ခေါင်းမာနေတာ။

ဘယ်အချိန်ကျမှ ကုဏ္ဍာဇို နောင်တရမလဲ။

နောက်ဆုတ်နိုင်မှာလဲ···



ကုဋ္ဌေအောင်က ဖုန်းကြိုမဆက်ပဲ ရောက်လာသော လဝန်းပြာကို အပြုံးနှင့် ကြိုဆိုရင်း ဘာလို့ မြန်းစားကြီးရောက်လာ တာလဲဆိုတာ သိလိုက်သည်။

သူတို့ကို အကဲခတ်ချင်လို့ပါ။

သူနှင့် ဇိုကို သံသယရှိလို့ အခုလိုရောက်လာတာ။

သူက ဟန်မပျက်ပဲ ကုဏ္ဍာဇိုနှင့် မိတ်ဆက်ပေးလိုက်သည်။

"ဇို···ဒါ ကျွန်တော် ပြောပြဘူးတဲ့ လဝန်းပြာလေ"

ကုဏ္ဍာဇိုက လိုက်လိုက်လှဲလှဲ နှုတ်ဆက်သည်။

"တွေ့ရတာဝမ်းသာပါတယ်"

လဝန်းပြာက မဲ့ပြုံးပြုံးသည်။

သူ့ပုံစံက ဇို့ကို မနှစ်သက် ပြသနေရှာသည်ပုံ။

www.burmeseclassic.com

www.burmeseclassic.com



ကုမ္မေအောင်က သိနေသည်။

“လဝန်းဘာစားမလဲ”

“မောင်ရေ…မောင် ထမင်းစားပြီးပြီလား”

“မစားရသေးဘူး”

လဝန်းပြာက သူ့ကို ဆောင့်ဆောင့်ကလေးကြည့်၏။

ကုမ္မာမိုက သူ့အလုပ်စားပွဲကို ပြန်ရောက်သွားသည်။

“မောင်”

“ဟင်”

“လဝန်းက မိန်းမကြမ်းကြီးလား”

ကုမ္မေအောင်က ဖွဖွရယ်ပြီး ခေါင်းယမ်းသည်။

“ရုပ်ရှင်တွေထဲမှာ ချစ်သူကို စိတ်မချလို့ အလုပ်ထဲလိုက်လာ အလုပ်ထဲရောက်တော့ ချစ်သူက လိုက်မလာရကောင်းလားဆိုပြီး စိတ်တွေဆိုး”

“မဟုတ်တာကွာ၊ ဘာတွေလျှောက်ပြောနေတာလဲ”

လဝန်းပြာက သူ့ကို စူးစူးကလေးကြည့်သည်။





“မောင်”

ပြီးတော့ လေးလေးနက်နက်ခေါ်သည်။

ထိုအကြည့်တို့ ခေါ်သံကလေးများ သူက မက်မောစွာ ငြိတွယ်နေသူပါ။ ရုန်းထွက်မရ။ ရုန်းမထွက်ချင်။ ကျေနပ်နေမိသည်။ သဝန်တိုတာကလေးကိုလည်း ကြည့်နူးနေမိသည်။ သဝန်တိုတာ ချစ်လို့ပဲမဟုတ်လား။

“မောင့်ရင်ခွင်နန်းတော်မှာ လဝန်းဟာ တစ်ဦးတည်းသော ဘုရင်မဖြစ်ပါရစေ”

လဝန်းက ကလေးဆန်ဆန်ဆိုလာသည်။

နူးညံ့ညို့နှောင်နေသော လဝန်းဆံပင်တွေကို သူမချင့်မရဲ ပွတ်သတ်လိုက်မိသည်။

“လဝန်းဗိုက်ဆာပြီ၊ ထမင်းသွားစားရအောင်မောင်”

“ကောင်းပါပြီဗျာ…သဘောပါ”

ကုမ္မေအောင်က ခေါင်းညိတ်သည်။

လဝန်းစိတ်ထဲမှတော့ မောင်ဟာ လဝန်းရဲ့မောင်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဗို ဆိုသောမိန်းမကို သိစေချင်သည်။ နားလည်သဘောပေါက်စေချင်သည်။ မောင်နှင့်ဝေးဝေးကို လွင့်သွားစေချင်သည်။

နှစ်ဦးနှစ်ယောက် ကျေနပ်စွာနှင့် သာယာနေသော ဘဝကလေးကို ဘာလို့နှောင့်ယှက်ဖျက်စီးချင်ရတာလဲ။

လဝန်း ချစ်သူကို သူကကြိုက်စရာလား။

သူဟာသူ သူဌေးသမီးဖြစ်ဖြစ် ဘာဖြစ်ဖြစ် လဝန်း ဂရုမစိုက်ချင်။ အထင်လည်းမကြီး။

မောင့် စက္ကူထရိက သူဌေးသမီးပါလို့ မောင်ကို ဖွင့်မပြောသေးတာက မောင်အဲ့ဒီ မိန်းမအပေါ် အမြင်ပြောင်းသွားမှာစိုးလို့ သနားသွားမှာစိုးလို့။

မောင်မသိသေးတာပဲ ကောင်းသည်။

မောင့်ကို စွဲလန်းမှုကြောင့် လာချဉ်းကပ်နေတာလို့ မောင်သိသွားရင် ဘာတွေဖြစ်လာမလဲ။

မောင်က မေတ္တာတရားကို တန်ဖိုးထားတတ်သူပါ။

ဘာပဲဖြစ်ဖြစ် အခုမိန်းမ မောင့်အလုပ်က မြန်မြန်လွင့်





သွားအောင် လဝန်းဘယ်လိုလုပ်ရမလဲ။

တစ်ခုခုကော့ လုပ်ကိုလုပ်မည်။

သူ့လျှို့ဝှက်ချက်ကို လဝန်း မောင်းထုတ်သင့်လား။

အရေးကြီးတာက မောင့်ကိုပိုင်ဆိုင်ဖို့ မောင့်အချစ်တွေကို လဝန်းပဲရနေဖို့။

အဲ့ဒီမိန်းမကို လဝန်းအရမ်းမုန်းသည်။ ကြည့်ကိုမကြည့်ချင်။ လဝန်း ချစ်သူအနားမှာ လာတွယ်ကပ်နေသည်။

မောင်က အဲ့ဒီမိန်းမကို အရေးတယူရှိလွန်းသည်။

"ဗို"

"ဟင်"

"ထမင်းသွားစားမယ်..လိုက်မလား"

ဟော...ကြည့်...

မောင်...ဘယ်လိုမောင်လဲ။

အရေးလုပ်လို့ သွားခေါ်နေသေးသည်။

အလိုက်မသိလို့ ထလိုက်လာရင် မခက်ဖူးလား။



www.burmeseclassic.com

www.burmeseclassic.com



လဝန်းအရှိမ်း အသည်းယားမိသည်။

"ထမင်းချိုင့်ထည့်လာတယ်"

"ရပါတယ်...အာဖြစ်လဲ၊ ကျွန်တော်နဲ့ လဝန်းကကျေးချင်လို့ပါ။ လိုက်ချင်လိုက်ခဲ့လေ"

"နေပါစေ နောက်တစ်ခေါက်မှ လိုက်မယ်"

ကုမ္ဘာမိုက မီးဝင်းဝင်းတောက် မျက်လုံးများနှင့် ကြည့်နေသော လဝန်းပြာကို မကြည့်ပဲငြင်းမိသည်။

လဝန်းပြာပုံစံက မြွေမြွေချင်း ခြေမြင်သလိုအကြည့်။

မို့စိတ်ကို နားလည်နေပုံမျိုး။

တိမ်ငယ်စွာနှင့် ခေါင်းငုံ့မိရင်း နောင်တကရင်ထဲသို့ တက်လာ၏။ ရင်ထဲရှင်းလင်းသွားအောင် နောင်တကို အန်ထုတ်ပစ်လို့ရလျှင် ကောင်းမည်။

"ဒါဆိုလည်း ကျွန်တော် ဖုန်းတွေ ဖက်(စ်)တွေဝင်လာရင် မှတ်ထားပေးဦး"

"စိတ်ချပါ"





"နည်းနည်းကြာမယ် လဝန်းကို ပြန်ပို့ရအုံးမှာ"

"ဟုတ်ကဲ့"

ကုမ္ဘာမိုက ယှဉ်လျှောက်သွားသော သူတို့နှစ်ဦးကို ငေးကာကြည့်နေမိသည်။ တဖြည်းဖြည်းနှင့် သူတို့ သဏ္ဍာန်က ဝေးဝေးသွား၏။ မို မျက်ရည်လည်နေမိသလား။

မျက်တောင် တဖျတ်ဖျတ်ခတ်မိသည်။

တစ်ခါမှ ခုလောက် ရင်ထဲမှာ နင့်နင့်နဲနဲ မခံစားဖူးခဲ့ပါ။ ဘာလို့ မျက်နှာငယ်စရာ ကြုံရတာလဲ။

နှလုံးသားထဲက အချစ်တစ်ခုအတွက် မိုတစ်ယောက် အောက်ကျ နောက်ကျဖြစ်ရပြီလား။

မာနတွေ ဘယ်ရောက်ကုန်ပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com

"ချလွှမ်း"

လက်ထဲကိုင်ထားသော ကော်ဖီခွက်ကို ရှုတ်တရက် ကောင်ရမ်းကား လွှတ်ချမိသည့်အထိ ရွှေစင့်စကားက သူမကိုတုန် လှုပ်သွေးပျက်စေပါသည်။

"ဒါဆို…သူက ဗို့ကို သိတာပေါ့"

"သိတာပေါ့…သိလို့ တမင်လာပြောတာပေါ့"

ကုရှာဗို မျက်နှာကလေး အရှမ်းပျက်သွားသည်။

လဝန်းက ကုရွှေအောင်ကို မပြောပဲ ရွှေစင့်ကို ဘာလို့လာ ပြောတာလဲ။ ထူးဆန်းလိုက်တာ။

လဝန်းပြာ သူငယ်ချင်း "သီဂီလုဖူး"က ရွှေစင်နှင့်ပြည်း



www.burmeseclassic.com

www.burmeseclassic.com



သိနေသည်က ရွှေစင့်စိတမင်လာလည်ပြီး ပြောချင်တာတွေ မြေ
သွားတာ။

"နင့်အကြောင်းကတော့ အများဆုံးပဲ ကုရွာဗို"

ရွှေစင်က ဗို့ကို မျက်စောင်းရှယ်သည်။

"ရွှေစင်က ဗို့သူငယ်ချင်းဆိုတော့ မခံချင်တာအ
ဒါပေမယ့် မှန်နေတော့ ငံ့ခံရတယ် ဗိုရယ်၊ တကယ်
အဲဒီလောက်လည်း မရှားပါဖူးဟာ၊ သူများရည်းစားကို"

ရွှေစင်က ပြောလည်းမပြောချင် မပြောရက် မပြောလည်
မပြီးပုံစံနှင့် ပြောလာ၏။

"သူတို့က ငါ့ကို ယောကျ်ားရှားလားလို့ ပြောသွားတယ်
မဟုတ်လား။ ငါသိပါတယ်"

"ပြီးတော့ သိဂီက ငါတို့အုပ်စုထဲမှာ အကုန်လုံးစည်
တယ်တဲ့ ရည်းစားရှိရင် ပယ်ပြီးသားပဲတဲ့…ချစ်သူရှိမှန်း သိရ
ခွတ်မတိုးဖူးတဲ့"

ရင်ထဲမှာ အင့်ခနဲ အရှိုက်ထိသွားရသည်။





"ရပ်တန်းကရပ်ပါတော့ဗိုရယ်"

ရွှေစင်က လက်ဖျားကလေးဆွဲညှစ်ပြီး တောင်းပန်၏။

"သူများသမီးရည်းစားကြားထဲ စိတ်ဒုက္ခရောက်အောင်
သွားမလုပ်ပါနဲ့တော့နော်"

ကုရွာဗိုက ကျောက်ရုပ်လို ငြိမ်သက်အေးစက်နေ၏။

"မိန်းမဘာန ထားလိုက်စမ်းပါ၊ မာနနဲ့ မျှော်ကြည့်ပါ၊ မိန်းက
လေးချင်းစာနာပြီး ကုမ္မေအောင်ကို မပြောသေးတာတဲ့၊ လဝန်းက
အဲဒီလိုပြောတယ်"

"ဘာ"

"သူသိနေတာကြာပြီတဲ့…ဗို့အဆင့်အတန်းနဲ့ ဒီအလုပ်ကို
ငမ်းငမ်းတက် မက်မောစရာမလိုဘူးဆိုတာ သိတယ်တဲ့၊ ဗို့သဘော
ကို နားလည်တယ်တဲ့"

ကုရွာဗိုက အံကြိတ်သည်။

"ဗို ရှေ့မတိုးရင် သူလည်း မသိသလို နေလိုက်မယ်တဲ့"

ရွှေစင်က အကုန်ပြန်ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



''သီဂီတို့ အုပ်စုက နင့်ကို ရှုံချနေတာ၊ အံ့သြတယ် ဘာညာနဲ့၊ အလကားပါဟာ မိန်းမသိကွာပဲ့ပါတယ်၊ နင် စိတ်ခိုင်ခိုင်ထားပြီး ကျောခိုင်းလိုက်ပါတော့၊ သူတို့ပြောတာ မခံစမ်းပါနဲ့''

အားမလိုအားမရနှင့် တိုက်တွန်းလာ၏။

ကုရှာဗိုက မျက်လုံးတွေ စုံမှိတ်၊ကာ…

''ငါ လက်လျှော့ပါတော့မယ်''ဟု တိုးတိမ်စွာ ဆိုလိုက်တော့ ရွှေစင် ဝမ်းသာသွားသည်။

''ငါ မခံချင်လွန်းလို့ပါ ဗိုရယ်၊ နင်က ဒီလောက်လှတာ နင့်ကိုကြိုက်ဟဲ့သူတွေ ဒီလောက်ဝိုင်းဝိုင်းလည်နေတာ''

ရွှေစင်က တတွတ်တွတ် ဖျောင်းဖျပြောဆိုနေသည်။

ဗို နားလည်ပါပြီ။

ကုမ္ပ အောင်ကိုယ်တိုင်က လဝန်းပြာကိုသာ နှစ်သက်မော်မောနေပြီး ဗိုကိုကော့ သာမန်မိတ်ဆွေလိုသာ သဘောထားတာ

ယုယခြင်း၊ ကြင်နာခြင်း၊ နွေးထွေးခြင်း၊၊မြတ်နိုးခြင်းများနှင့် လဝန်းပြာ၏ ဆံ်ုင်ပျော့ပျော့စင်းစင်းကလေးကို သူပွတ်သပ်နေ





တာ ကုရှာဗို မြင်လိုက်ကတည်းက သူ့အနားကနေ မျက်ရည်မကျဘဲ ထွက်ခွာဖို့ ဆုံးဖြတ်ပြီးသားပါ။

သူတို့ချစ်ခြင်းကို မနှောင့်ယှက်ချင်ပါဘူး၊ မခွဲချင်ပါဘူး။ ခွဲလို့လည်း ရချင်မှရမှာပါ။

ဗို ဝိုင်ဝိုင်မလုံကြည်ရဲပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ကုမ္မာဗိုက အလုပ်တွေကို အစီစဉ်တကျ လက်စသတ်သည်။ တခြားတစ်ယောက်ကို လွှဲပေးနိုင်ဖို့ပါ။

ရင်ထဲမှာ ထူးပြီးဝမ်းနည်းမနေ။

ပြီးဆုံးသွားခဲ့ပြီ။

အသည်းဦးပန်းဆိုပေမယ့်လည်း ကြွေထင်းပျက်စီးသွားခဲ့ပါပြီ။

ကုမ္မေအောင် ရောက်လာလျှင် ဗို အလုပ်ထွက်စာတင်ပြီး ပြန်တော့မည်။

လဝန်းပြာရယ်…ဗိုက အစကတည်းက အရှုံးတွေနဲ့ ဝင်ရောက်လာခဲ့သူပါ။

သူတို့နှစ်ဦးက ဗို့ သူ့ကို မမြင်ဖူးခင်ကတည်းက ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ခဲ့ကြတာပါ။

ကုဋ္ဌေအောင် ရောက်လာတော့ ဗို လှိုက်ခနဲ ဝမ်းသာသွား ပေမယ့် လဝန်းပြာက ဘေးမှာပါလာသည်။

ကုဗ္ဗာဗိုက နှုတ်ထွက်စာကို စားပွဲပေါ်သွားတင်ထားလိုက်၏။ လဝန်းပြာသိရင် စိတ်အေးသွားမှာပါ။

မနက်စောစော ချစ်သူကို စိတ်မချလို့ လိုက်လာတာ လဝန်းပြာက ဗို့ကို စူးခနဲကြည့်သည်။

ခါးသီးသောအကြည့်၊ အထင်သေးသောအကြည့်၊ ရွံရှာ သောအကြည့်။

"ဗို...ဒီနေ့စောသားပဲ"

"ဟုတ်ကဲ့"

ကုဋ္ဌေအောင်က လဝန်းပြာ၏ လက်ဖျားကလေးကို ဆွဲထားပြီး နှုတ်ဆက်၏။

သူတို့ဘဝနှင့် ဗို့ဘဝက တခြားစီ။

သဲသဲကွဲကွဲလည်း သိနေပါပြီ။





"လဝန်း ကော်ဖီသောက်မလား"

ကုဋ္ဌေအောင်က မေးတော့ လဝန်းပြာက ခေါင်းခါသည်။

"ကော်ဖီတစ်ခွက်လောက်လုပ်ပါ ဗို"ဟု သူက ဆို၏။

ဗိုက ကော်ဖီဖျော်ဖို့ ထလာခဲ့သည်။

သူ့အတွက် ကော်ဖီတစ်ခွက်ဖျော်ရင်း ကြေကွဲမှုက ရင်ထဲ လှိုက်တက်လာ၏။

ကော်ဖီခွက်ထဲကို မျက်ရည်တစ်စက် ပေါက်ခနဲ ကျသွား သည်။

မျက်ရည်နှင့်ကော်ဖီ ရောသွား၏။

"I ordered for a cup of coffee but not for a fly with it" ဆိုသော သူ့စကားသံကို ကြားယောင်မိသည်။

သည်စကားလေးတွေက ဗို့နှင့် သူ့အတွက် အမှတ်တရ ပါပဲ။ ဗို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား နောက်ဆုတ်ပါတော့မယ် ကုဋ္ဌေအောင်ရယ်။

မျက်ရည်တစ်စက် ကျသွားသော ကော်ဖီခွက်ကို ဘေးချ



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး နောက်တစ်ခွက် ထပ်မှာသည်။

သူ့ရှေ့ ကော်ဖီခွက်ချပေးတော့ လဝန်းပြာက ကုမ္ဘာဗိုကို စူးစူးစိုက်စိုက်ကြည့်ကာ စိတ်မထိန်းနိုင်ပုံဖြင့်...

"သူဌေးသမီးက ဒီလိုအလုပ်လုပ်နေတာ အံ့သြစရာပဲ"

ဟု ခပ်ထေ့ထေ့ဆို၏။

ကုမ္ဘာဗို မျက်လွှာချမိသည်။

ကုဋ္ဌေအောင်က လဝန်းပြာကိုတစ်လှည့် ဗိုကိုတစ်လှည့် ကြည့်ကာ နားမလည်။

အနိုင်နိုင်ထိန်းထားရင်းက ပွင့်အန်ထွက်လာပုံ။

ချစ်သူ့ရှေ့မှာ မပေါက်ကွဲဖို့ ခက်ခဲပင်ပန်းစွာ ထိန်းနေခဲ့တာပါ။ သို့သော် လဝန်းပြာ သည်းမခံနိုင်။

"ဘယ်တော့အလုပ်ထွက်မှာလဲ၊ ရှင့်သူငယ်ချင်း မဋ္ဌေစင်က ရှင်အလုပ်က ထွက်ပေးမယ်ဆို၊ သူများစုံတွဲကြား မနှောင့်ယှက်တော့ဘူးဆို"

လဝန်းပြာက ခါးတစ်ဖက်ထောက်ပြီး ပြတ်သားစွာ မေး





လာ၏။

"လဝန်း"

ကုဋ္ဌေအောင်က ဟန့်တားသည်။

ဗိုက မျက်ရည်လည်ကာ ခွန်းတုံ့မပြန်။

အရမ်းရှက်သည်။ အရမ်းဝမ်းနည်းသည်။

အလုပ်ထွက်စာတောင် စားပွဲပေါ် တင်ထားပြီးပြီပဲဟာ။ ဘာလို့ နိုင်ထက်စီးနင်း အရှက်ခွဲချင်ရတာလဲ။

ဗို ထွက်သွားမှာပါ။

အခုတော့ သက်သက်မဲ့ အစော်ကားခံရသလိုပါ။

ကုမ္ဘာဗိုက စားပွဲဆီ လှည့်ပြေးလာပြီး ပိုက်ဆံအိတ်ဆွဲယူကာ ပြေးထွက်လာခဲ့သည်။

"ဗို...ဗို"

ကုဋ္ဌေအောင်က အော်ခေါ်ပြီး ပြေးလိုက်လာ၏။

"ခဏနေပါဦး ဗို"

သူက ဗို့ရှေ့မှာ မားမားရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးပါ"

သူ့ကိုမကြည့်ဘဲ ခြေစုံရပ်နေမိ၏။

"ဘာတွေဖြစ်နေမှန်း ကျွန်တော် မသိဘူး၊ ဒါပေမယ့် လဝန်းစကားတွေ လွန်တယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ဒီလို ရုပ်ပျက်ဆင်းပျက် ထွက်မသွားပါနဲ့"

"အလုပ်ထွက်စာတင်ထားပြီးပြီ"

"ကျွန်တော်တွေ့ပါတယ်၊ ဘာလို့လဲမေးမလို့ပါ၊ ကျွန်တော်က ဝန်ထမ်းတစ်ယောက်ကို အနိုင်မကျင့်တတ်ပါဘူး"

"ကျွန်မအကြောင်းနဲ့ ကျွန်မပါ"

"အေးအေးဆေးဆေး ဆွေးနွေးရအောင်ပါ"

"ဟင့်အင်း…ကျွန်မကို သွားခွင့်ပြုပါ"

လဝန်းပြာက ဖိနပ်အချွန်ကလေးစီးကာ တဖျက်ဖျက်နှင့် ကျော့မတ်စွာ အနားရောက်လာ၏။

"မောင်…သွားခွင့်ပြုလိုက်ပါ"

လဝန်းပြာက ဝင်ရောက်ဆုံးဖြတ်သည်။





"လဝန်း…မောင်တောင်းပန်ပါတယ်၊ မောင့်အတွင်းရေးမှူးကို ဒီလိုမဆက်ဆံပါနဲ့"

"ဒါဟာ သူနဲ့ထိုက်တဲ့ ဆက်ဆံရေးပါပဲ"

"လဝန်း"

"မောင် မအော်ပါနဲ့၊ သူ့အကြောင်း သူအသိဆုံးပဲ၊ သူ ဆက်ပြီး အရှက်မရှိနေရဲမလား၊ မောင်က သူ့ကို နေစေချင်သလား၊ သူဆက်နေရင် လဝန်းနဲ့မောင် ဒီနေရာမှာတင် လမ်းခွဲရအောင်"

"လဝန်း"

ကုဋေအောင်က လဝန်းလက်ကို ဖမ်းဆွဲခေါ်ကာ ကားထဲ သွားထိုင်စေသည်။

"မောင့်သိက္ခာကို ငဲ့ပါ၊ ဒါ မောင့်ရုံးခန်း"

သူက တောင်းပန်စကားဆိုပြီး မိုဆီ လှည့်ကြည့်သည်။ မိုကို ထွက်မသွားဖို့ တားမလို့ပါ။

မိုက မရှိတော့။

ထွက်သွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ဟာကွာ…စိတ်ရှုပ်လာပြီ"

သူ စိတ်ပျက်လက်ပျက် ညည်းညူမိသည်။

ဗိုရာ…

ပြတ်သွားလိုက်တာ။

တစ်ချက်တောင် လှည့်မကြည့်ဘူး၊ ထွက်သွားရက်သည်။

"မောင်…လဝန်းကိုလိုက်ပို့"

ကုမ္ပဏီက ဝန်ထမ်းတွေလည်း ကွက်ကြည့်ကွက်ကြည့် စိတ်ဝင်စားနေကြပြီ။

"ပြေပြေလည်လည် ဖြေရှင်းရင် ရပါတယ်၊ စိတ်လိုက်မာန်ပါ ဘာလို့လုပ်ရတာလဲ လဝန်းရယ်"

"သည်းမခံနိုင်တော့လို့"

ကုဋေအောင်က လဝန်းကို လှည့်ကြည့်သည်။

"ငွေမခံနိုင်တော့လို့၊ ပြောင်ကျလွန်းတယ်၊ လဝန်းကို ဒီလို လာစော်ကားလို့မရဘူး"

သူ ဟူးခနဲ သက်ပြင်းချသည်။





ပြောရဆိုရခက်လိုက်တာ…။

လဝန်း ဘာလို့ သည်လောက် ဒေါသကြီးနေတာလဲ။

ဟိုတစ်ယောက်ကလည်း နားလည်ရခက်သည်။

ဘာတွေလဲကွာ။


www.burmeseclassic.com

ကုဋ္ဌာဗိုက တစ်လှမ်းချင်း လျှောက်လာရင်း မျက်ရည်တွေကို သုတ်ပစ်သည်။

အများတစ်ခုအတွက် ဗိုဲ ပြန်ပေးဆပ်လိုက်ရပါပြီ။

နောက်ဆို ဘာမှန်းညာမှန်းမသိဘဲ ရင်မခုန်ပါနဲ့ နှလုံးသားရယ်။ အချစ်ကို မရှာချင်ပါနဲ့တော့။

တော်ပါပြီ။ ချစ်ရမှာ ဗိုဲ အရှုံးကြောက်သွားပြီ။

တစ်ဘဝလုံးအတွက် သင်ခန်းစာပါပဲ။

www.burmeseclassic.com

"ညီထူးနဲ့ ရွှေစင်ကို မို တစ်ခုမှာထားချင်တယ်"

"ဘာများလဲ မို"

"ကိုကုဋ္ဌေအောင်နဲ့ ပတ်သက်ပြီး ဘာသတင်းမှ မို့ကို မပြောပါနဲ့၊ အားလုံးကို မို မေ့ထားချင်လို့ပါ"

"အေးပါဟယ်...မပြောပါဘူး"

ရွှေစင်က ကုဋ္ဌာမို၏ ပုခုံးကလေးကို လာဖက်သည်။

ညီထူးက ကရုဏာနှင့် ကြည့်နေ၏။

သူငယ်ချင်းသုံးယောက် ဆိုင်ဖွင့်ဖို့ တိုင်ပင်နေကြတာပါ။ မိုက ကုဋ္ဌေအောင်ကို လုံးဝမေ့ထားဖို့ ကြိုးစားနေပါပြီ။

သည်ဘဝ သည်မျှပါပဲ။

အိစကတည်းကလည်း ရှေးရေစက် ကုသိုလ်တွေက



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံရင်းနှီးဖို့ မရှိပါဘူး။

မိုက ရွှတ်လုပ်ယူဖန်တီးခဲ့တာ။

အခုတော့ လီမွှာသွားပါပြီ။

ကံကို မဆန့်ကျင်တော့ပါဘူး။

သူနဲ့ဝေးဝေးမှာပဲ မို နေပါတော့မယ်။

တဖြည်းဖြည်းနဲ့ နေတတ်သွားမှာပါ။



ညီထူးနှင့် ရွှေစင် မင်္ဂလာဆောင်တော့ ကုဗ္ဗာမိုလည်း ပျော်ရွှင်ကြည်နူးမိပါသည်။

သူတို့အတွက် ဂုဏ်ယူကျေနပ်သည်။

"ငါ့သူငယ်ချင်း အပျိုကြီးအတွက်"

ရွှေစင်က သတို့သမီးလက်ကိုင်ပန်းကို မို့ဆီ ပေးသည်။

ပန်းအစုံနှင့် လုပ်ထားသော လက်ကိုင်ပန်းက သိပ်လှလွန်းသည်။ မိုက တစ်ချက်ပြုံးပြီး...

"နင် အမှတ်တရသိမ်းထားပါလား ရွှေစင်"ဟု ဆိုမိ၏။

"ဟင့်အင်း...မို မြန်မြန်စွံအောင် ဟမင်ပေးတာ"တဲ့။

ကုဗ္ဗာမိုက မဲ့မဲ့ကလေး ပြုံးသည်။

ငါ့နှလုံးသားက အချစ်ကို လန့်သွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ငါပဲသိပါတယ်ဟယ်။

လဝန်းပြာ၏ သူငယ်ချင်း သီဂီ ရောက်လာပေမယ့် ဗိုက သီဂီကို မခေါ်။ မနှုတ်ဆက်ချင်ပါ။

အနာဟောင်းကို ပြန်မတူးဆွချင်။



၈

(၈) လခန့် ကြာသွားပြီးနောက်···

ဗိုက အပေါ်အင်္ကျီ ကုတ်အပြာကလေးကို ထပ်ဝတ်ကာ မျက်မှန်ကိုပါ တတ်လိုက်ပြီး···

"ပေး···ပေး ငါ မင်္ဂလာဆောင်သွားရမှာ၊ ဈေးစာရင်းတွေပေး၊ မနက်ဖြန်မနက် ငါပဲဈေးသွားမယ်"ဟု မီးဖိုချောင်တာဝန်ခံ ကောင်လေးကို ဆိုမိ၏။

"မရွှေစင် မလာဖူးလားအစ်မ"

"အမယ်လေး···မလာဘူး၊ မနက်ကတည်းက ငါ့ဆီဖုန်းဆက်ထားတယ်၊ ရပါတယ်၊ တစ်ရက်တလေပဲ၊ ငါဝယ်ပေးမယ်၊ ဈေးစာရင်းက စုံရဲ့လား"

"စုံပါတယ် အစ်မ"

ကုဋ္ဌာဗိုက ဈေးစာရင်းစာရွက်ကို ပိုက်ဆံအိတ်ထဲထည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သီးသန့်ရုံးခန်းကလေးထဲက ထွက်လာပြီး ကောင်တာ ဆီသို့ လျှောက်သွားကာ…

"Table (စားပွဲ) ၁ ကနေ ၅ အထိ ရီဆဗ်လုပ်ထားပြီးသား နော် ဒီညအတွက်"

ကောင်တာမှာ ထိုင်နေသော ကောင်လေးကို ထပ်သတိ ပေးရသည်။

"ဟုတ်ကဲ့"

ကုဏ္ဍာဗိုတို့ ဆိုင်ကလေးက အရမ်းအောင်မြင်သည်။ ထင်ထားတာထက် ပိုပြီးလှုဝင်သည်။

"မမဗို"

"ဟင်"

"ဆိုင်ရှေ့မှာ လူတစ်ယောက်ရောက်နေတယ်၊ ဝိတ်တာ လုပ်ချင်လို့တဲ့"

"ဟုတ်လား"





တစ်ခါတလေ အလုပ်လိုချင်၍ လာတွေ့သော ကောင် လေးတွေ ရှိတတ်ပါသည်။ မထူးဆန်းပါ။

"လောလောဆယ် လူက ပိုတောင်ပိုနေတယ်"

"သူ့ အလုပ်ရမှဖြစ်မယ်တဲ့၊ ပြီးတော့ ကုဏ္ဍာဗိုနဲ့ သိတယ် တဲ့"

ကုဏ္ဍာဗိုက မျက်မှန်ကို ဆံပင်ပေါ်ဆွဲတင်ပြီး ဘယ်သူများ လဲဟု စဉ်းစားသည်။

"ငါ့အသိတဲ့လား"

"ဟုတ်တယ်"

"ဟင်း‥ငါတော့ မင်္ဂလာဆောင် နောက်ကျတော့မှာပဲ၊ ကဲပါ ခေါ်လိုက်ပါ"

ကုဏ္ဍာဗိုက သီးသန့်ရုံးခန်းကလေးထဲ ပြန်ဝင်လာခဲ့ပြီး ပိုက်ဆံအိတ်ကို စားပွဲပေါ်ချသည်။

ရွှေစင့်ဆီက ဖုန်းဝင်လာတော့ ပြောရသေးသည်။

"ငါအခုပဲလာမလို့ ဒီမှာ ကိစ္စမပြတ်သေးဘူး အေးပါ



www.burmeseclassic.com

www.burmeseclassic.com



ဟယ်၊ လာမှာပါ၊ လောလိုက်တာ တကယ်ပဲ''

ကုဗ္ဗာဇိုက ဦးထုပ်ငိုက်စိုက်ဆောင်းထားသော ချာတိတ်ကို သေချာပင်မကြည့်ဘဲ ''ထိုင်ပါ''ဟုဆိုမိသည်။

ချာတိတ်ကလေးက ခုံမှာဝင်ထိုင်ပြီး ကုဗ္ဗာဇိုကို ကြည့်ပင်မကြည့်။ ကုဗ္ဗာဇိုက ဖုန်းပြောပြီးချက်ချင်းပဲ...

''ဘယ်သူလွှတ်တာလဲ''ဟု မေးမိ၏။

ဦးထုပ် လျှောကလည်း ရှည်လိုက်တာ မျက်နှာကို မမြင်ရ။ ဇိုနှင့် မသိတာတော့ သေချာသည်။

''ကျွန်တော့်ဘာသာ လာတာပါ''

''ဒီမှာက လောလောဆယ် လူပြည့်နေပြီ၊ ထပ်တစ်ဆိုင် ဖွင့်ဖို့''

''ဒီမှာပဲလိုချင်တာ''

စကားကိုပင် ဆုံးအောင်နားမထောင်ဘဲ ဖြတ်ပြောသည်။ ဘယ်လိုကြီးလဲ။

မာရေကျောရေ အလုပ်တောင်းတာမျိုး မတွေ့ဘူးပါ။





ဇို စိတ်ထဲ ဘဝင်မကျလှစွာနှင့်။

''ဒီမှာ waiter မှ မလိုသေးတာ၊ လိုမှပဲ အလုပ်ပေးလို့ရမယ်ရှင့်''

ပြတ်ပြတ်သားသားပဲ ပြောချလိုက်သည်။

''ခင်ဗျားအလုပ်လာတောင်းတုန်းက ကျွန်တော် အဲဒီလို ငြင်းခဲ့ဖူးလို့လား''

မာဆတ်ဆတ် ပြန်မေးလာသောအခါ ဇို နှုတ်ခမ်းလေးဖွင့်ဟကာ ဦးထုပ်လျှောငိုက်စိုက်နှင့် ခေါင်းငုံ့ချ ကာကွယ်ထားသော သူ့မျက်နှာကို မရအရ ကြည့်မိတော့သည်။

''ဟင်''

ရင်ထဲမှာ ဒိန်းခနဲ ခုန်သွားပြီး ပွေ့နေးလှုပ်ရှားတုန်ရီသွားသလိုပါ။

''ကိုကုဋေအောင်''

နှုတ်ဖျားက သူ့အမည်ကို တီးတိုးရေရွတ်မိသည်။

''ကျွန်တော် ခင်ဗျားအနားမှာ နေချင်လို့ အလုပ်လာ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တာ၊ ရနိုင်မလား''

''ဘယ်လိုရောက်လာတာလဲဟင်''

ခုံမှာထိုင်ချပြီး မေးမိသည်။

''ခင်ဗျားကို တွေ့ချင်လို့ပေါ့ဗျာ''

''လဝန်းပြာရော''

ကုဋ္ဌေအောင်က ဦးထုပ်ကို ချွတ်လိုက်ပြီး ဗိုဲ့ကို ခပ်စူးစူး ကြည့်လာ၏။

သူ့မျက်လုံးတွေက နွေးထွေးအသက်ပါလွန်းလှသည်။ အချစ်ရိပ် အချစ်ရောင်ဖြင့် တလက်လက်ဖြာနေသည်။ သူ ဗိုဲ့ရှေ့ တကယ်ပဲ ရောက်လာတာလား။

''ဗိုဲ့ဆီ လာလည်တာလားဟင်''

''ဒီမှာအလုပ်လာလျှောက်တာ''

''မနောက်ပါနဲ့''

မျက်ရည်လည်ကာ ပြန်ပြောမိသည်။

''ကိုယ်နှစ်သက်တဲ့သူရဲ့ အနားမှာ တိဟ်တဆိတ် နေနေ





ရတာ ဘယ်လိုခံစားမှုလည်း ကျွန်တော် သိချင်ပါတယ်၊ သိခွင့် ပေးပါ''

သူက တောင်းဆိုလာ၏။

''လဝန်းပြာရော...မပါဘူးလား''

''ကျွန်တော့်ဘဝထဲမှာ လဝန်းပြာ ရှိနေသေးရင် ကျွန်တော် ဒီကို ရောက်လာရက်ပါ့မလား''

ကုဋာဗိုဲ့က သူ့စကားကို နားမလည်။

''လဝန်းပြာ လက်ထပ်လိုက်ပြီ''

''ဟောတော့''

မျက်လုံးကလေးပြူးကာ စိတ်မကောင်း ဖြစ်ရသည်။

ဗိုဲ့ကြောင့်များလားကွယ်။

သူများချစ်ခြင်းကို ဗို မခွဲလိုပါ။

''ကျွန်တော့်ထက် ပိုချစ်ရမယ့်သူ တွေ့သွားပြီ''

ယုံရခက်ခက်နှင့် သူ့မျက်နှာကို ကြည့်နေမိ၏။

''ဗိုက လဝန်းပြာ လက်ထပ်သွားတာ မသိဘူးမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ ကျွန်တော့်အကြောင်းတွေ ဘာမှမကြားချင်ဘူးလို့ မှာထားတယ်ဆို''

''အို···ဗိုခံစားရမယ့် အကြောင်းတွေမို့လို့ မပြောပါနဲ့လို့ တားထားတာ၊ လဝန်းပြာ လက်ထပ်တာကို ပြောသင့်တာပေါ့''

ညီထူးနှင့် ရွှေစင်ကို သူမ မကျေနပ်ချင်ပါ။

ပြောသင့်တဲ့စကားကျတော့ ချန်ထားသည်။ အခုမှ တော်တော်သစ္စာရှိနေသည်။

တစ်ခွန်းတလေမှ မဟ။ တစ်စွန်းတစ်စမှ သိခွင့်မရ။ အလကားသူငယ်ချင်းတွေ။

''ကျွန်တော်က ကိုယ်တိုင်ပြောချင်လို့ သူတို့ကို တားထားတာပါဗျာ၊ စိတ်မဆိုးပါနဲ့''

ကုမ္မေအောင်က ရှင်မြူးစွာရယ်သည်။

မကြားရတာ ကြာပြီဖြစ်သော သူ့ရယ်သံက ပိုပြီးနားထောင်ကောင်းနေသလိုပါ။

ထိုရယ်သံကို စိတ်ထဲကပဲ မှန်းဆကြားယောင်ပြီး တမ်းတ



BURMESE CLASSIC .com



နေရတော့မယ်ထင်တာ။

အခုတော့ သူကိုယ်တိုင် ဗိုရှေ့မှာ ရယ်နေခဲ့ပြီ။ ဘယ်လို ဝမ်းသာမိမှန်းမသိ။

''သူ···ကျွန်တော့်ထက်ပိုချစ်ရမယ့်သူ တွေ့သွားတယ်၊ ဒါပေမယ့် ကျွန်တော် ဝမ်းမနည်းပါဘူး၊ ကျွန်တော်က သူ့ထက်အရင် ပိုချစ်ရမယ့် ကောင်မလေးတစ်ယောက် တွေ့ခဲ့တယ်လေ၊ တံကြွမှာက မှုတပါတယ်၊ ကျွန်တော့်ရင်ထဲမှာ လဝန်းထက် ပိုချစ်ရမယ့် ကောင်မလေး ရှိနေခဲ့တယ်၊ လဝန်း လမ်းခွဲသွားပေမယ့် ကျွန်တော် မလွမ်းပါဘူး၊ မခံစားရဘူး''

ကုမ္မာဗိုက သူ့စကားတွေကြောင့် ရင်ထဲ တဆတ်ဆတ် တုန်ရီလာမိသည်။

တကယ်ပဲလား။

သူက လဝန်းထက် ဗိုကို ပိုချစ်နေသတဲ့လား။

ဗို ဝမ်းသာအောင် တမင်ညာနေတာလားဟင်။

''ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ နားလည်ပေးပါ၊ ထက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ"

သူက အသဲပုံကတ္တီပါဗူး အနီရဲရဲကလေးကို စားပွဲပေါ်ချသည်။

"ကျွန်တော်တို့နှစ်ဦး သဘောတူစေ့စပ်ကြမယ်"

ပိုင်နိုင်သေချာသော ဆုံးဖြတ်ချက်နှင့် သူ့ပုံစံက ယုံကြည်မှုအပြည့်။

ကုဋေအောင်ရယ်...

မို့အနားကို ရှင်တကယ်ပဲ ရောက်လာခဲ့ပြီနော်။

ဒီနေ့ကစပြီး အဆုံးမဲ့ ချစ်ခြင်းတွေနဲ့ အနာဂတ်လမ်းကို လျှောက်လှမ်းကြမယ်နော်။

ကုဋေမိုက ရှက်စနိုးပြုံးပြီး လက်ကလေးတစ်ဖက် စားပွဲပေါ်တင်ပေးသည်။

သူပေးလာမည့် စေ့စပ်လက်စွပ်ကို မိုက မြတ်နိုးစွာလက်ခံချင်သူပါ။

ပန်းသီရို



BURMESE CLASSIC .com

www.burmeseclassic.com